ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်၊ စနေနေ့၊ (22-10-2011) (၆၉၂၀)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်

## အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်တင်ဆက်မှုကို ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၁

**(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပနေမှုနှင့် ပြိုင်ပွဲဝင်များ၏ အားမာန်အပြည့်ဖြင့် ယှဉ်ပြိုင်တင်ဆက်မှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။**






ရှေးဦးစွာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် မွန်းလွဲ ၁ နာရီခွဲတွင် ခေတ်အကြိုက်တေးသီချင်း အဆိုပြိုင်ပွဲကျင်းပရာ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ်များ နယ်မြေအတွင်းရှိ သစ်တောသုတေသနဌာန စုဝေးခန်းမသို့ ရောက်ရှိလာကြရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးစိုးသိန်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့-အဖွဲ့ဝင် ဒေါက်တာမြင့်အောင်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များနှင့်အတူ ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသမီး) ခေတ်အကြိုက်တေးသီချင်း အဆိုပြိုင်ပွဲတွင် တေးရေး မြသန်းစံ သီကုံးရေးစပ်ပြီး တေးသံရှင် ပိုးအိစံသီဆိုထားသည့် "အမြင့်အတိုင်း" သီချင်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၏ အားမာန်အပြည့်ဖြင့် သီဆိုယှဉ်ပြိုင်မှုတို့ကို ကြည့်ရှုအားပေးကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

### ကြည့်ရှုအားပေး

**(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသမီး) ခေတ်အကြိုက်တေးသီချင်း အဆိုပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၏ သီဆိုယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြစဉ်။**

(သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

### နိုင်ငံခြားငွေ လဲလှယ်ကောင်တာ ၅၀ ဖွင့်လှစ်ရန် ပုဂ္ဂလိကဘဏ်များအား ခွင့်ပြု

❛❛တရားဝင် နိုင်ငံခြားသုံးငွေများ လွယ်ကူအဆင်ပြေစွာ စနစ်တကျ လဲလှယ်သုံးစွဲနိုင်ရန် ငွေလဲကောင်တာ ၅၀ ကို အောက်တိုဘာ ၂၄ ရက်မှစ၍ ဖွင့်လှစ်ရန်ခွင့်ပြု❜❜

ပြည်တွင်းသတင်း စာမျက်နှာ - ၃

### မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ သတ္တမနေ့ ဆက်လက်ကျင်းပ

❛❛ဇေယျာသီရိရုပ်စုံသဘင်အဖွဲ့က ရွှေမြန်မာဆိုင်းအဖွဲ့နှင့် တွဲဖက်၍ နေမိဗာတ်တော် ပြိုင်ပွဲ၌ မြန်မာအနုသုခုမရုပ်စုံသဘင်ပညာရပ်ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ယှဉ်ပြိုင်❜❜

အနုပညာသတင်း စာမျက်နှာ - ၈၊ ၉

### ဟာဒီနန်ကို ယူရို ၂၀၁၂ ပြိုင်ပွဲအတွက် လိုအပ်နေသေးဟု ကာပယ်လိုထုတ်ဖော်

❛❛မန်ယူအသင်းခံစစ်မှူး ရီယိုဖာဒီနန်မှာ ယူရို ၂၀၁၂ ပြိုင်ပွဲအတွက် အစိတ်အပိုင်းတစ်ခုဖြစ်❜❜

အားကစားသတင်း စာမျက်နှာ - ၁၀

မြ်္ကေးမှုံ The Mirror
၂၂-၁၀-၂၀၁၁ (စနေနေ့)

# မိုးနှောင်းကာလ မုန်တိုင်းဖြစ်မှု သတိပြု

မြန်မာနိုင်ငံတွင် မုန်တိုင်းဖြစ်နိုင်သော ရာသီချိန် နှစ်ခုရှိသည်။ မိုးဦးကာလ (ဧပြီလမှ မေလအထိ)နှင့် မိုးနှောင်းကာလ(အောက်တိုဘာလမှ နိုဝင်ဘာလ) တို့၌ မုန်တိုင်းဖြစ်ပေါ်မှုများသော ကာလဖြစ်၍ ကြိုတင်သိရှိပြင်ဆင်စီစဉ်ထားကြရန် လိုအပ်သည်။

အောက်တိုဘာလ ၁၉ ရက် ည ၈ နာရီအချိန် မိုးလေဝသတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ရခိုင်ပြည်နယ် မောင်တောမြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့ အကြားမှ ကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့သည်။

ဆက်လက်၍ ည ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းကို ဖြတ်ကျော်လျက်ရှိသော အဆိုပါမုန်တိုင်းငယ်သည် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိနိုင်သည်။ မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အညိုရောင် အရေးပေါ်အခြေအနေအဆင့်ရှိပြီး အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ တဖြည်းဖြည်း အားပျော့သွားမည်ဟု ခန့်မှန်းရသည်။

အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်၏ အရှိန်ကြောင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၅၀ အထိ တိုက်ခတ်နိုင်ကြောင်းသိရသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် နေထိုင်သူများနှင့် ဒေသခံပြည်သူများအနေဖြင့် မုန်တိုင်းတိုက်ခတ်ချိန်နှင့် မုန်တိုင်းကျရောက်ပြီးနောက် ဆောင်ရွက်ကြရမည့်အချက်များကို သတိပြုလိုက်နာကြရမည်ဖြစ်သည်။ မုန်တိုင်းတိုက်ခတ်နေစဉ် ရပ်ရွာမှ တာဝန်ရှိသူများ၏ အကြံပြုချက်များကို လိုက်နာခြင်း၊ လွင့်ပျံလာသော အရာဝတ္ထုများနှင့် ထိခိုက်မှုမရှိစေရန် ခိုအောင်းရာနေရာ၌ နေထိုင်ခြင်း၊ အသက်ကယ်အင်္ကျီ၊ ဖောကွင်း၊ ပလတ်စတစ်ပုံး အလွတ်၊ ကားတာယာကျွတ်များ မိမိတို့နှင့်အတူ ဆောင်ယူခြင်းတို့ ပြုလုပ်ကြရပေမည်။

မုန်တိုင်းဗဟိုဖြတ်သန်းစဉ် ခေတ္တလေငြိမ်သော်လည်း နာရီဝက်အကြာတွင် ဆန့်ကျင်ဘက်အရပ်မှ ပိုမိုပြင်းထန်သည့်လေများ ဝင်ရောက်လာတတ်သည်ကို သတိပြုကြရမည်ဖြစ်သည်။ မုန်တိုင်းအန္တရာယ် စိတ်ချရပြီဆိုသောသတင်းရရှိမှသာ နေအိမ်သို့ပြန်ခြင်း၊ မြွေနှင့် အဆိပ်ရှိသောသတ္တဝါများ သတိထားခြင်း၊ ရေကို ကျိုချက် သောက်သုံးခြင်းတို့ကို လိုက်နာကြရမည့်အပြင် ဒေသခံပြည်သူများအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် တတ်နိုင်သမျှ ပါဝင်ကူညီခြင်းဖြင့် မုန်တိုင်းနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးနှင့် UNHCR ဌာနေကိုယ်စားလှယ်တို့ မြန်မာနိုင်ငံနှင့် UNHCR အဖွဲ့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပွင့်လင်းစွာဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)မှ ဌာနေကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းခံရသူ Mr. Johannes Gten Feld သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍**(အပေါ်ပုံ)** မြန်မာနိုင်ငံနှင့် UNHCR အဖွဲ့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၁-၁၀-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၉၃၈၁ | ၀. ၀၃၂၃၂ |
| တရုတ် (ယွမ်) | ၆. ၃၈၆၂၆ | ၀. ၁၅၆၅၉ |
| အိန္ဒိယ (ရူပီး) | ၄၉. ၉၃၀၀ | ၀. ၀၂၀၀၃ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၄၉၄၀ | ၀. ၃၁၇၅၂ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၆၉၉၅ | ၀. ၇၈၇၄၃ |
| ဂျပန် (ယန်း) | ၇၆. ၁၀၂၇ | ၀. ၀၁၃၁၄ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၄၇. ၂၉ | ၀. ၀၀၀၈၇ |
| ယူရို | ၀. ၇၂၀၀၄ | ၁. ၃၈၈၈၁ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၇၇၃ | ၁. ၅၉၃၀၇ |

**အင်တာနက်။**

## မင်းလှ အထက မြတ်ဆရာပူဇော်မည်

**ပဲခူး အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့အစိုးရအထက်တန်းကျောင်း၏ (၂၆)နှစ်မြောက် မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ ၁၀ ရက် (တန်ဆောင်းမုန်းလပြည့်နေ့) နံနက် ၈ နာရီတွင် မြို့တွင်းအထက (စိန်ရတုအမျိုးသားကျောင်း) သပြေခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို အောက်တိုဘာ ၃၀ ရက် နောက်ဆုံးထား၍ ဦးတင်အောင် ဖုန်း-၀၁-၅၂၆၇၃၅၊ ဒုတိယဗိုလ်မှူးကြီး မျိုးညွန့်(ငြိမ်း) ဖုန်း-၀၁-၅၀၅၇၁၂၊ ဦးမြင့်ဆွေ ဖုန်း-၀၁-၂၅၆၀၃၇၊ ဦးသန်းစိုး(ညွှန်မှူး/ငြိမ်း) ဖုန်း-၀၁-၅၁၈၂၅၄၊ ၀၁-၅၁၄၉၃၇၊ ဒေါက်တာသန်းအောင်စိုး ဖုန်း-၀၉-၅၀၂၅၈၅၂၊ ဒေါက်တာနေမင်းထွန်း ဖုန်း-၀၉-၅၁၆၀၉၃၃၊ ဒေါ်စန်းစန်းဝင်း(မနီလေး) ဖုန်း-၀၁-၅၆၃၂၂၉၊ ဦးကြင်စိုး ဖုန်း-၀၅၃-၃၀၁၅၉၊ ဒေါက်တာသန်းလွင် ဖုန်း-၀၅၃-၃၀၀၉၇၊ ဦးသန်းစိုး(အထပြ-ငြိမ်း) ဖုန်း-၀၅၃-၃၀၅၃၅၊ ဒေါ်စမ်းမော်ချို ဖုန်း-၀၅၃-၃၀၆၁၆၊ ဒေါ်ခင်ဌေးချစ် ဖုန်း-၀၅၃-၃၀၄၅၀၊ ဒေါ်တင်နွဲ့ ဖုန်း-၀၅၃-၃၀၁၀၆၊ ဒေါ်တင်တင်အေး ဖုန်း-၀၅၃-၃၀၁၈၂၊ ဦးမြတ်ကို ဖုန်း-၀၅၃-၃၀၀၂၃၊ ဦးသောင်းရွှေ ဖုန်း-၀၅၃-၃၀၁၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဗ လ ငါး တန် ဖွံ့ ဖြိုး ဖို့ စာ အုပ် စာ ပေ လေ့ လာ စို့

## အမက(၁၇)ဗဟန်း ပထမအကြိမ် မြတ်ဆရာပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၂၁**

အမက(၁၇)ဗဟန်း အုတ်လမ်း (ယခင်ပြည်ထောင်စုကျောင်း)၌ ပညာသင်ကြားပေးခဲ့သော သက်ပြည့် အငြိမ်းစားယူခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများနှင့် အမက(၁၇)ဗဟန်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာမများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အမက(၁၇)ဗဟန်း စံပယ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် ဒေါ်ဌေးမာလွင် ဖုန်း-၀၉-၇၃၀၇၉၄၀၆၊ ဒေါ်ခင်နီနီအောင် ဖုန်း-၀၉-၅၀၄၇၄၁၁၊ ဦးဇာလီစိုး ဖုန်း-၀၉-၅၅၃၆၄၄ လိုင်းခွဲ ၃၆၅ နှင့် ဦးအောင်ကိုဦး ဖုန်း-၀၉-၄၉၃၄၆၂၀၇ တို့သို့ ဆက်သွယ်နိုင်သည်။ (ကြေးမုံ)



## မင်္ဂလာဒုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ပေးအပ်ချီးမြှင့်သည့် ထောက်ပံ့ငွေပေးအပ်ပွဲကို အောက်တိုဘာ ၁၅ ရက်တွင် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် အမှတ်(၃)လမ်းမကြီးရှိ မြို့နယ်စစ်မှုထမ်းဟောင်းရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီထွေးနှင့် ဖိတ်ကြားထားသူများ၊ မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ တက်ရောက်ကြပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးအောင်လှ(ငြိမ်း)က အမှာစကားပြောကြားကာ အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၂၃ ဦးနှင့် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူနှစ်ဦးတို့အား ထောက်ပံ့ငွေကျပ် ၂၂၅၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)** (ကြေးမုံ)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၂-၁၀-၂၀၁၁ (စနေနေ့)

**နံနက်ပိုင်း**

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၂၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၅။ မြန်မာ့ရှုခင်း
- ၇း၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ ဇာတ်လမ်းတို
- ၈း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

- ၁၁း၁၀ ၁။ နိုင်ငံတော်သီချင်း
- ၁၁း၁၅ ၂။ အဖွင့်သီချင်း
- ၁၁း၂၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် -ဟင်နရီရဲ့အိပ်မက် (အပိုင်း-၂၃)
- ၁၂း၀၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -အချစ်သို့တစ်ချက်ငဲ့ကြည့်စဉ် (ပြေတီဦး၊ အိန္ဒြာကျော်ဇင်နှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး)]**
- ၂း၀၀ ၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၂၆)**

**ညပိုင်း**

- ၄း၀၃ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၆ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၄း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၅ ၆။ သန့်စွာကိုင်လေစက္ကူငွေ
- ၄း၄၀ ၇။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၅၀ ၈။ ကုန်သွယ်သုတ
- ၅း၀၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၃။ စားဖိုဆောင်ချစ်သူ
- ၆း၄၀ ၁၄။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၆၂)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ လူရွှင်တော်စကား
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမှတ်တရနေ့ရက်လေးများ (အပိုင်း-၂)**
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း(အပိုင်း-၈၈)**

## အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှု မြင့်တက်လာခြင်းကို ဓာတ်အားဖြန့်ဖြူးပေးရန်အတွက် မန္တလေးမြို့တွင် ကြိုတင်တည်ဆောက်လျက်ရှိသည့် ၂၃၀ ကေဗွီ မြောက်ပြင် ပင်မဓာတ်အားခွဲရုံသစ်ကြီးသို့ ဓာတ်အားပို့လွှတ်မည့် ရွှေစာရံ ပင်မဓာတ်အားခွဲရုံတွင် ဓာတ်အားလွှတ်ပစ္စည်းများ ချိတ်ဆက်ခြင်းလုပ်ငန်းကို ၂၂-၁၀-၂၀၁၁ ရက်နှင့် ၂၃-၁၀-၂၀၁၁ ရက်များတွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဓာတ်အားပိတ်ဆောင်ရွက်ရမည် ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ နေရာဒေသများတွင် ခေတ္တဓာတ်အားပြတ်တောက်လျက်ရှိမည် ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | ဓာတ်အားပြတ်တောက်မည့်နေရာဒေသများ |
|---|---|
| ၁။ | မန်စံ ပင်မဓာတ်အားခွဲရုံမှ ၆၆ ကေဗွီ မန်စံ-လားရှိုး-သိန်းနီ၊ မန်စံ-သီပေါ-နမ့်ဆန် လိုင်းများဖြင့် ဓာတ်အားပေးထားသော လားရှိုး၊ သိန်းနီ၊ သီပေါ၊ ကျောက်မဲ၊ နမ့်ဆန်(မြောက်)၊ နမ့်လန်၊ နမ္မတူ၊ ကွတ်ခိုင်မြို့နယ်များ |
| ၂။ | တံခွန်တိုင်နှင့် ရွှေစာရံ ပင်မဓာတ်အားခွဲရုံများမှ ဓာတ်အားပေးထားသော မန္တလေးခရိုင်အတွင်းရှိ အချို့နေရာဒေသများ |

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**



တေဇ(၂၃) ကျောင်းဆင်းအရာရှိများ ဇီဝိတဒါနသံဃာ့ဆေးရုံ ဆွမ်း၊ ဆေး ပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်းကို အောက်တိုဘာ ၁၁ ရက်က လှူဒါန်းရာ တာဝန်ရှိသူတစ်ဦး လက်ခံစဉ်။ (ကြေးမုံ)

☆ ရှေ့ဖုံးမှ

ယင်းနောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတနှင့် ဇနီးတို့သည် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမသို့ ရောက်ရှိကြပြီး ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသမီး) ခေတ်ဟောင်း/ ကာလပေါ်တေးသီချင်း အဆိုပြိုင်ပွဲတွင် တေးရေး ရေနံ့သာစိုးလှိုင် သီကုံးရေးစပ်ပြီး တေးသံရှင် ဒေါ်တင်တင်မြ သီဆိုထားသည့် "တောင်တန်းပြာနှင့် ကျောပိုးအိတ်" သီချင်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၏ သီဆိုယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)





ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့ စတုတ္ထနေ့အဖြစ် ကျင်းပသည့် ရသုံးမှန်းခြေငွေစာရင်း (ဘတ်ဂျက်) ရေးဆွဲခြင်းနှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

## စစ်တောင်းမြစ်ရေအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၁**

***စစ်တောင်းမြစ်ရေ****သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၀၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် လေးစင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာအောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)*

# ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရသုံးမှန်းခြေငွေစာရင်း (ဘတ်ဂျက်)ရေးဆွဲခြင်း ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၁

**ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ စတုတ္ထနေ့အဖြစ် ကျင်းပသည့် ရသုံးမှန်းခြေငွေစာရင်း (ဘတ်ဂျက်) ရေးဆွဲခြင်းနှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။**

ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ရှင်းလင်းဆွေးနွေး**

ရှင်းလင်းဆွေးနွေးပွဲ၌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က Budgeting Politics and Power ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးသည်။

ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၏ ရှင်းလင်းဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၄ ရက် (တနင်္လာနေ့)တွင် လွှတ်တော်ကိုယ်စားလှယ်များက ပြန်လှန်မေးမြန်းဆွေးနွေးကြရန် ရှိကြောင်းနှင့် Budgeting in the State's Institution Process and Politics ခေါင်းစဉ်နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က ဆက်လက်ရှင်းလင်းဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဒုတိယဝန်ကြီး ဦးတင့်လွင် အလုပ်ရုံဆွေးနွေးပွဲနှင့် အဆင့်မြင့်နည်းပညာသင်တန်းဆင်းပွဲ တက်ရောက်

ရန်ကုန် အောက်တိုဘာ ၂၁

**ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်သည် အောက်တိုဘာ ၂၀ ရက်တွင် ရန်ကုန်မြို့ ဟံသာဝတီရှိ အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်း အစည်းအဝေးခန်းမ၌ အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ (ITU) နှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပလျက်ရှိသည့် Wireless Broadband Master Plan ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။**

ယင်းနောက် ITU မှ အာရှ-ပစိဖိတ်ဒေသ၏ အကြံပေးပုဂ္ဂိုလ် Mr. Sameer Sharma က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ITU မှ Mr. Kikwon Kim က မြန်နှုန်းမြင့် သတင်းဆက်သွယ်ရေး နည်းပညာဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းပြသသည်။

ဒုတိယဝန်ကြီးသည် ယနေ့တွင် ပုဇွန်တောင်မြို့နယ်ရှိ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၌ ကျင်းပသည့် အဆင့်မြင့်နည်းပညာသင်တန်းအမှတ်စဉ်(၁) ဆင်းပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ကာ သင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် သင်တန်းသားများအား ထူးချွန်ဆုများ ချီးမြှင့်သည်။

အဆိုပါ သင်တန်းကို သင်တန်းသား ၇၈ ဦးဖြင့် သုံးပတ်ကြာ သင်ကြားပို့ချခဲ့ပြီး I.C.T နှင့် ပတ်သက်၍ အဆင့်မြင့် နည်းပညာများနှင့် အဆင့်မြင့် မိုဘိုင်းပညာရပ်များ သင်ကြားပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင် အဆင့်မြင့်နည်းပညာသင်တန်း အမှတ်စဉ်(၁)၌ ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

# နိုင်ငံခြားသုံးငွေများ လွယ်ကူအဆင်ပြေစွာ လဲလှယ်သုံးစွဲနိုင်ရန် Money Changer Counter ၅၀ ဖွင့်လှစ်ခွင့်ပြု

**နေပြည်တော် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အောက်တိုဘာ ၁ ရက်တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ Money Changer Counter ကို ဖွင့်လှစ်၍ အက်(ဖ်)အီးစီ အပါအဝင် နိုင်ငံခြားသုံးငွေများဖြစ်သည့် အမေရိကန်ဒေါ်လာ၊ ယူရိုနှင့် စင်ကာပူဒေါ်လာတို့အား မြန်မာကျပ်ငွေဖြင့် လဲလှယ်ခြင်းကို ခွင့်ပြုပေးခဲ့သည်။

မြန်မာနိုင်ငံအတွင်း နိုင်ငံခြားသားများ၊ ကမ္ဘာ့လှည့်ခရီးသည်များ၊ ပြည်တွင်းနေ နိုင်ငံသားများအနေဖြင့် တရားဝင်နိုင်ငံခြားသုံးငွေများ လွယ်ကူအဆင်ပြေစွာ စနစ်တကျ လဲလှယ်သုံးစွဲနိုင်ရန်အတွက် ဘဏ်များ၊ လေဆိပ်များ၊ ဟိုတယ်များ၊ ဈေးဝယ်စင်တာများနှင့် ကမ္ဘာ့လှည့်ခရီးသွားများ အများဆုံးသွားရောက်သည့် နေရာများ၌ Money Changer Counter စုစုပေါင်း ၅၀ ကို ဖွင့်လှစ်ရန် အောက်တိုဘာ ၂၄ ရက်မှစ၍ ပြည်တွင်းပုဂ္ဂလိကဘဏ်များကို ခွင့်ပြုလိုက်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)

**ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသော လှိုင်သာယာမြို့နယ် သက်ကြီးအဘိုး၊ အဘွား ၁၁၉ ဦးအား ပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၁ ရက်က ရွှေလင်ပန်းစက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပစဉ်။**

(၃၂၉)



# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၂-၁၀-၂၀၁၁ (စနေနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊
ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်

၅း၂၀ MRTV-4 သတင်း

၅း၅၀ "ရွှေအိုးမြှုပ်နေတာပါ"
တရားတော်
(ဆရာတော်အရှင်ပုညာနန္ဒ)

၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"စိတ်၏စေရာ"**
**(အပိုင်း-၂)**

၇း၃၀ MRTV-4 သတင်း

၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"မာယာမျဉ်းပြိုင်"**
**(အပိုင်း-၁၀၆)**

၈း၅၀ Activities In The City

၉း၁၀ ဝိဇ္ဇာတနှင့် ဝိဟာရ အလျှမင်္ဂလာ

၉း၃၀ Global Panorama
(ကိုကိုလှိုင်၊ မျိုးမြတ်သူ)

၁၀း၀၀ မန္တလာမြေမှ သီတင်းကျွတ်
ဈေးရောင်းပွဲတော်

၁၀း၂၀ သွားမယ်စားမယ်

၁၀း၅၀ ပြီးပြည့်စုံသော ခြေလှမ်းတိုင်း
အတွက် SHOE GALLERY

၁၁း၀၅ ပန်းချီပြခန်း

၁၁း၂၀ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ
ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊
အတီးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ်

၁း၀၀ "ရွှေအိုးမြှုပ်နေတာပါ"
တရားတော်
(ဆရာတော်အရှင်ပုညာနန္ဒ)

၂း၀၀ MRTV-4 သတင်း

၂း၂၀ VJ Choice

၃း၀၀ Kid's Show

၃း၄၅ Activities In The City

၃း၅၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ
**"မာယာမျဉ်းပြိုင်"**
**(အပိုင်း-၁၀၆)**

၄း၅၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက်
ဖေးကူမွေးမြူတို့အတူ

၅း၀၅ ရန်ကုန်မြင်ကွင်းကျယ်

၅း၂၀ Movie Talk

၅း၄၀ Fashion Week

၆း၀၀ MRTV-4 သတင်း

၆း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"စိတ်၏စေရာ"**
**(အပိုင်း-၃)**

၇း၀၅ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ
ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊
အတီးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု
အစီအစဉ်

၈း၂၅ Barclays Premier League
(Villa Vs West Brom)

၁၀း၂၅ ပရီမီယာလိဂ်ရင်ခုန်သံ

၁၀း၅၅ Barclays Premier League
(Liverpool Vs Norwich)

၁း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"မာယာမျဉ်းပြိုင်"**
**(အပိုင်း-၁၀၇)**

၁း၅၀ World of Knowledge

၂း၄၀ ဆိတ်ငြိမ်အေးချမ်းခြင်းနှင့်အတူ
MYANMAR LIFE HOTEL

၂း၅၅ ဖန်ဆင်းရေးခြယ်
လက်ရာအသွယ်သွယ်

၃း၃၀ ရှမ်းမြောက်မြေက. . .
မွေးကြိုင်သင်းပျံ့. . . ဝူးလုံရနံ့

၃း၄၀ Movie Mistakes(Matrix)

၄း၀၀ ထန်းသမားတို့ဘဝ

၄း၁၅ သတ္တုစပ်နည်းပညာမှသည်
အကြွင်းမဲ့လုံခြုံမှုဆီသို့

၄း၂၅ ကြည်ညိုဖူးမြော် ပုပ္ပား
တောင်ကလပ်စေတီတော်

၄း၄၅ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု
ထင်ပေါ်မန္တလေးမြို့က
ကျောက်စာတော်စေတီတော်

၅း၀၀ အစီအစဉ်ပြီး။

**Barclays Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆း၁၀ | Wolves - Swansea | (ESPN) |
| ၈း၂၅ | Villa - West Brom | STAR SPORTS (MRTV-4) |
| ၈း၂၅ | Newcastle - Wigan | (ESPN) |
| ၁၀း၅၅ | Liverpool - Norwich | (ESPN) (MRTV-4) |

**ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

# ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်ထုတ်ပြန်

**ရန်ကုန် အောက်တိုဘာ ၂၁**

၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၆ ရက်မှ ၃၀ ရက်ထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်(၂၀ ဒသမ ၃)ပေခန့်မှ (၂၁ ဒသမ ၁) ပေခန့်အထိ ထူးကဲဒီရေ တက်ရောက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၀၉-၂၀၁၀ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့် (၂၁ ဒသမ ၈) ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ ထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးအကြောင်းကြားထားသည်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၁**

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Henan Province Economic Chamber of Commerce မှ Vice- Chairman Mr. Wang Laisheng ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ သတ္တုသယံဇာတများ စမ်းသပ်ရှာဖွေရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စများကို ဆွေးနွေးကြသည်။

ထိုသို့ လာရောက်တွေ့ဆုံရာသို့ ဝန်ကြီးဌာနအောက်ရှိ သတ္တုတွင်းဦးစီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့် အမှတ်(၃) သတ္တုတွင်းလုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၂-၁၀-၂၀၁၁ (စနေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ ဗုဒ္ဓဘုရားရှင်ပွင့်ထွန်းရာ ဗုဒ္ဓဂယာ (သတ္တုဌာန)(ရတနာဦး)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၀ ၇။ "သုတရောင်စုံပန်းခင်း"
- ၈း၁၀ ၈။ ကဗျာပန်းဥယျာဉ်
- ၈း၂၅ ၉။ "အလျော်အစား"
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁း၅၀ ၅။ "နှုတ်မြိန်ဖွယ်ရာချစ်ဟင်းလျာ"
- ၂း၀၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ဂျောင်ဂွန်း" (အပိုင်း-၁၆)**
- ၂း၅၀ ၇။ International News
- ၃း၀၀ ၈။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ မျိုးမြူးကြွကြွယဉ်ကျေးမှုအက
- ၄း၃၀ ၄။ အဆိုပြိုင်ပွဲ
- ၄း၄၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၅း၀၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွားအထူးပြုများ) (စီးပွားရေးပညာ)
- ၅း၁၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၂၀ ၈။ "လှပစုံလင်အာဆီယံတစ်ခွင်"
- ၅း၂၅ ၉။ "ရှင်သန်ခြင်း"
- ၅း၄၅ ၁၀။ "နှစ်ပေါင်းနှစ်ဆယ်"
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ အလှရှာမယ်၊ လှကမ္ဘာဝယ်
- ၆း၃၅ ၁၄။ ယဉ်တစ်ကိုယ်မယ်(မာရီယာ)
- ၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ရေးငယ်တဲ့ရွှေဖူးစာ" (အပိုင်း-၂၅)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၅၉)**
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိလေသောရုပ်သံလွှင့်မှူး" (အပိုင်း-၁၉)**
- ၂၁။ ဂီတတံခါးလေးဖွင့်ပါဦး
- ၂၂။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
- ၂၃။ အစီအစဉ်ပြီး၏။



# ဦးဂိုအင်ကာမိသားစု မြန်မာနိုင်ငံသို့ ရောက်ရှိခြင်း အထိမ်းအမှတ်နှင့် ဒီပါဝလီအကြိုညစာစားပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

**ဦးဂိုအင်ကာ မိသားစု (Bandoola Group of Companies) မြန်မာနိုင်ငံသို့ ရောက်ရှိခြင်း (၁၃၅)နှစ် အကြို အထိမ်းအမှတ်နှင့် ဒီပါဝလီအကြိုညစာစားပွဲ အခမ်းအနားကို ယမန်နေ့ ည ၆ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည်။**

ညစာစားပွဲသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဟိန္ဒူဘာသာဝင်များ တက်ရောက်ကြသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် Bandoola Group of Companies ဥက္ကဋ္ဌ ဦးရွှေတို့က ဒီပါဝလီအကြို ဆီမီးတိုင်ကို ထွန်းညှိပူဇော်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က ဒီပါဝလီနေ့ အကြိုအထိမ်းအမှတ် ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ ဦးဂိုအင်ကာ၏ အမှာစကားကို ဦးမောင်စိန် (ခ) ရာဂျူးဂိုအင်ကာက ဖတ်ကြားသည်။

(သတင်းစဉ်)

❑ စာမျက်နှာ ၄ မှ

ထောက်ခံပေးသည့် စနစ်ကျင့်သုံးလျက်ရှိခြင်းတို့ကြောင့် ကုမ္ပဏီမှတ်ပုံတင်နှင့် သက်တမ်းတိုးကိစ္စရပ်များ အနည်းဆုံး (၂)လမှ အများဆုံး (၅)လ အထိ ကြန့်ကြာနေဆဲဖြစ်ရာ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ညှိနှိုင်းမေတ္တာရပ်ခံထားပြီးဖြစ်ပါကြောင်း။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် ညှိနှိုင်းသည့်အခါ အခွန်ပြေကျေလျှင်ရက်သတ္တ(၁)ပတ်အတွင်း ကုမ္ပဏီသက်တမ်းတိုးနိုင်ကြောင်းနှင့် အခွန်ပြေကျေအောင်မသွင်းကြ၍သာ သက်တမ်းတိုး မထောက်ခံနိုင်ခြင်းဖြစ်သည်ကို ပြန်ကြားပါကြောင်း၊ ယခင်ကပင် ထိုအခက်အခဲကိုကျော်လွှန်ပြီး ကုမ္ပဏီလုပ်ငန်းရှင်များ လုပ်ငန်းရပ်တန့်မထားရအောင် နေ့ချင်းယာယီမှတ်ပုံတင်သက်တမ်းတိုးခွင့်ကတ် ထုတ်ပေးရေး စီစဉ်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ဌာန၏ရုံးလုပ်ငန်းစီမံခန့်ခွဲမှု ပြောင်းလဲခြင်းနှင့် စီမံခန့်ခွဲမှုစနစ် ပြောင်းလဲခြင်းကိုဆောင်ရွက်မှသာ အစိုးရယန္တရားလျင်မြန်စွာလည်ပတ်လာမည်ဖြစ်ပြီး ပြည်သူလူထု၏ ဆန္ဒပြည့်ဝလာမည်ဖြစ်ပါကြောင်း။

အခြားနိုင်ငံများ၌ ရင်းနှီးမြှုပ်နှံခွင့်နှင့်အတူ ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်ခွင့် တစ်ပြိုင်တည်းမပါသေးဘဲ သီးခြားစီကွဲပြားနေသည်ကို တွေ့ရသကဲ့သို့ ကုမ္ပဏီသက်တမ်းတိုးများကိုလည်း ရင်းနှီးမြှုပ်နှံမှုကာလအတိုင်း မရရှိဘဲ (၂)နှစ်တစ်ကြိမ်တိုးရသည်ကို တွေ့ရှိရပါကြောင်း၊ ယင်းကိစ္စနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေးသည့်အခါ ရင်းနှီးမြှုပ်နှံပြီး မကြာမီမှာပင် အစုရှယ်ယာရှင်အမည်များ ပြောင်းလဲခြင်း၊ ရင်းနှီးမြှုပ်နှံသူများထဲတွင်လည်း နိုင်ငံခြားသားက နိုင်ငံသားအမည်ခံပြီးဆောင်ရွက်နေခြင်း၊ အခွန်အကောက် သက်သာအောင်ဆောင်ရွက်ခြင်း စသောမမှန်မကန်မှုများမရှိပါက ကုမ္ပဏီသက်တမ်းတိုးခွင့်သည် ရင်းနှီးမြှုပ်နှံမှုကာလသက်တမ်းအတိုင်း ခွင့်ပြုနိုင်မည်ဖြစ်သော်လည်း ယခင် ရင်းနှီးမြှုပ်နှံမှုအမှုအခင်းပြဿနာများ ယနေ့တိုင် ရှင်းလင်းရဆဲအခြေအနေများရှိပါကြောင်း။

စီးပွားရေးနယ်ပယ်၏ ဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးဝန်းကျင်တစ်ခုလုံးနှင့်တစ်ဦးချင်း၏ စီးပွားရေးကျင့်ဝတ်ကောင်းမွန်မှုနှင့် အပြန်အလှန်ဆက်စပ်နေသည်ကို တွေ့ရှိရပါကြောင်း၊ လူနည်းစု မမှန်မကန်ပြုလုပ်မှုများ ကြာလာသည့်အခါ လူများစုတစ်ခုလုံးပါသွားပြီး National Character ထိခိုက်လာမည်ကို အလေးထားစဉ်းစားရန်လိုအပ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အများလုပ်၍ လိုက်လုပ်သည့် အနေအထားမဟုတ်ဘဲ စီးပွားရေးဝန်းကျင်နှင့် စီးပွားရေးကျင့်ဝတ်များကို ထိန်းကျောင်းကာ ဥပဒေလိုက်နာခြင်း၊ စီးပွားရေးကျင့်ဝတ်များ စောင့်ထိန်းခြင်းနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာလူမှုတာဝန်ယူခြင်းတို့ကို ကျင့်သုံးဆောင်ရွက်သွားကြမည်ဆိုလျှင် ဦးခင်မောင်ဝင်းမေးမြန်းအကြံပြုသကဲ့သို့ နှစ်ကန့်သတ်ချက်သည် ရှေးယခင်ကပင် ကန့်သတ်ခဲ့မည်မဟုတ်ဘဲ ဦးကျော်တင်ရွှေ မေးမြန်းချက်တွင်ပါသည့် မမှန်မကန်လုပ်ရပ်အချို့ကြောင့်သာ နှစ်ကန့်သတ်ခဲ့ရသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဦးခင်မောင်ဝင်း၏ မေးမြန်းချက်ပါ သက်တမ်း (၂)နှစ်မှ (၅)နှစ်သာမက ရင်းနှီးမြှုပ်နှံသူအတွက် ရင်းနှီးမြှုပ်နှံမှုနှစ်ကာလအတိုင်း ခွင့်ပြုသင့်သကဲ့သို့ ဦးကျော်တင်ရွှေ မေးမြန်းချက်ပါ စီးပွားရေးဝန်းကျင်လောကတွင် လက်ဝါးကြီးအုပ် ခြယ်လှယ်မှုနှင့် မမှန်မကန်လုပ်ရပ်များသည် အမှန်တကယ်ဖြစ်ပေါ်နေမှုအပေါ် ဥပဒေနှင့်အညီ အရေးယူသင့်သည်ကို စိစစ်အရေးယူသွားသင့်သည့်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ မေးမြန်းချက်နှစ်ခုစလုံးကို အစိုးရအဖွဲ့သို့တင်ပြပြီး ပြင်ဆင်ဆောင်ရွက်နိုင်ရေး စီစဉ်သွားမည်ဖြစ်ပါကြောင်း။

**ယနေ့အစိုးရဌာနများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများအဆင်ပြေချောမွေ့မှုမရှိခဲ့သည့် ပြဿနာရပ်များကို ဆန်းစစ်သုံးသပ်ပါက ရာခိုင်နှုန်းတော်တော်များများသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်စီမံခန့်ခွဲမှုပြဿနာများဖြစ်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတကလည်း Micro Economy, Macro Economy နှစ်ခုစလုံးနှင့် စပ်လျဉ်း၍ ပြုပြင်ပြောင်းလဲသင့်သည်များကို ဥပဒေပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆဲကာလဖြစ်ပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးနှင့် ရေရှည်တည်တံ့သည့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ယခုကဲ့သို့ ခေတ်ပြောင်း၊ စနစ်ပြောင်းကာလတွင် အစိုးရဌာနများ၏ ရုံးလုပ်ငန်းစီမံခန့်ခွဲမှုပြောင်းလဲခြင်း၊ စီမံခန့်ခွဲမှုစနစ်ပြောင်းလဲခြင်း၊ ပုဂ္ဂလိကကုန်သည်လုပ်ငန်းရှင်အသိုင်းအဝိုင်း၏ ကောင်းမွန်သောစီးပွားရေးဝန်းကျင်ပြောင်းလဲခြင်းနှင့် စီးပွားရေးကျင့်ဝတ်ပြောင်းလဲခြင်းတို့ကို အစိုးရဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်း(၃)ခုကို မေးမြန်းခဲ့ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြန်လည်ဖြေကြားသည်။

တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင်၏ **ရခိုင်ပြည်နယ်တောင်ပိုင်းမှ ကျောင်းသူ၊ကျောင်းသားများအတွက် ပိုမိုအဆင်ပြေစေရန်အတွက် တောင်ကုတ်မြို့တွင် ရခိုင်ပြည်နယ်တောင်ပိုင်းတက္ကသိုလ်တစ်ခု ဖွင့်လှစ်ပေးရန်အစီအစဉ် ရှိ /မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒေသအလိုက် အဆင့်မြင့်ပညာသင်ကြားမှုအခွင့်အလမ်းတိုးတက်မြင့်မားရေးအတွက် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များအသစ်ဖွင့်လှစ်ခြင်းနှင့် ဖွင့်လှစ်ထားသည့် ဒီဂရီကောလိပ်နှင့် ကောလိပ်များအဆင့်တိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်တွေတက္ကသိုလ်ကိုလည်း တည်ဆောက်ဖွင့်လှစ်ထားရှိရာ နေ့သင်တန်းကျောင်းသား(၄၅၉၆)ဦးနှင့် အဝေးသင်ကျောင်းသား (၁၀၃၂၅)ဦး စုစုပေါင်း(၁၄၉၂၁)ဦး ရှိပါကြောင်း။

ရခိုင်ပြည်နယ်တောင်ပိုင်းရှိ ကျောက်ဖြူ၊ ဂွ၊ တောင်ကုတ်၊ အမ်း၊ ရမ်းဗြဲ၊ သံတွဲနှင့်မာန်အောင်မြို့နယ်များမှ ကျောင်းသား၊ ကျောင်းသူများသည် စစ်တွေတက္ကသိုလ်သို့ သွားရောက်ပညာသင်ယူရန် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုရှိပါကြောင်း၊ အဆိုပါမြို့နယ်များမှ ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူ(၂၄၇၅)ဦးရှိပါကြောင်း၊ တောင်ကုတ်မြို့သည် မြန်မာနိုင်ငံအလယ်ပိုင်းမှ ရခိုင်ပြည်နယ်သို့ဝင်ရောက်သည့် လမ်းဆုံမြို့ဖြစ်ပါကြောင်း၊ တောင်ကုတ်မြို့တွင် ကောလိပ်တစ်ခုတည်ထောင်ပါက ကျောင်းတက်နိုင်မည့်ကျောင်းသားဦးရေ များပြားမည်ဖြစ်ပါကြောင်း။

**တက္ကသိုလ်/ကောလိပ်(၁)ခု တည်ထောင်ဖွင့်လှစ်နိုင်ရန် အနည်းဆုံးမြေဧက (၂၀၀)မှ(၃၀၀)ခန့် လိုအပ်ပါကြောင်း၊ ကောလိပ်တည်ထောင်ရန်အတွက် နိုင်ငံတော်က ငွေအမြောက်အမြားလိုအပ်သဖြင့် စေတနာအလျောက်လှူဒါန်းမည့် အလှူရှင်ရှိလျှင် နိုင်ငံတော်နှင့်အလှူရှင်တို့ ပူးပေါင်းတည်ထောင်ပါက ဖြစ်နိုင်သည့်အခြေအနေရှိပါကြောင်း၊ မြေနေရာနှင့်အဆောက်အအုံရှိပြီး ပညာသင်ယူရန်တက်ရောက်လာမည့် ကျောင်းသားဦးရေအင်အား ပြည့်စုံမှု၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုတို့အပေါ်မူတည်၍ ကောလိပ်တစ်ခု တည်ထောင်ဖွင့်လှစ်နိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တောင်ကုတ်မြို့တွင် ကောလိပ်အသစ်တစ်ခုတည်ထောင်ရန် စဉ်းစားဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း၏ **မြေနေရာပိုင်ဆိုင်မှုမရှိသေးသည့် စိန်ကုန်းအမကကျောင်း မြေနေရာအား သက်ဆိုင်ရာဌာနမှလွှဲပြောင်းပေး၍ ရ /မရနှင့် ကျောင်းကုန်းအမကကျောင်းသို့ စည်ပင်သာယာပိုင်(ဝက်ထောင်)မြေအား လွှဲပြောင်းပေးရန် ရ /မရတို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မွန်ပြည်နယ် သထုံမြို့နယ် လိပ်အင်းရပ်ကွက်အတွင်းရှိ စိန်ကုန်းအခြေခံပညာမူလတန်းကျောင်းကို သထုံ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်မြေပေါ်တွင် ၁၉၆၅ခုနှစ်မှစတင်၍ ဖွင့်လှစ်ခဲ့ပါကြောင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနက စည်ပင်မြေမှထုတ်နုတ်ရန်အတွက် ပုံစံ(၁၀၅) သာရှိပြီး ကျောင်းပိုင်မြေအဖြစ် အမည်ပေါက်ခြင်းမရှိသေးပါကြောင်း၊ အဆိုပါကျောင်းအား ကျောင်းဝင်းအုတ်တံတိုင်းကာရံနိုင်ရန်အတွက် သထုံမြို့ မြို့နယ်ပညာရေးမှူးရုံးက မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ညှိနှိုင်းဆောင်ရွက်ခဲ့ရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်ဖြစ်သည်ကို ပြန်ကြားထားပါကြောင်း၊ သို့ဖြစ်၍ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**သထုံမြို့ လိပ်အင်းရပ်ကွက် ကျောင်းကုန်းအခြေခံပညာ မူလတန်းကျောင်းမြေသည် ကျောင်းပိုင်မြေဖြစ်ပြီး ယခုအခါ ကျောင်းသားဦးရေ များပြားလာသည့်အတွက် ကျောင်းမြေ၏ အနောက်ဘက်လမ်းတစ်ဖက်ခြမ်းရှိ မြေကွက်အား ကျောင်းပိုင်မြေအဖြစ်ရရှိရေး လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**ဖြင့်ဖြေကြားသည်။

ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း၏ **ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို နိုင်ငံတော်သို့ လွှဲအပ်ပေးပါက လက်ရှိသင်ကြားနေသည့် ကျောင်းအဆင့်ဖြင့် လက်ခံနိုင်မည့်အစီအစဉ် ရှိ /မရှိနှင့် မရှိပါက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် ကျောင်းသားအရေအတွက်အပေါ်မူတည်၍ ထောက်ပံ့ပေးရန်အစီအစဉ် ရှိ /မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဖွင့်လှစ်ရေးကိစ္စများကို သာသနာရေးဝန်ကြီးဌာနက စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး ပညာရေးဝန်ကြီးဌာနက အဆိုပါကျောင်းများသို့ တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများ၏ သင်ကြားသင်ယူမှုနှင့် ပညာရည်စစ်ဆေးတိုင်းတာမှုလုပ်ငန်းများအား ကြီးကြပ်ဆောင်ရွက်ရန် အနီးဆုံးအဆင့်တူအခြေခံပညာကျောင်း သို့မဟုတ် တစ်ဆင့်မြင့်အခြေခံပညာကျောင်းအား ပင်မကျောင်းအဖြစ် သတ်မှတ်တာဝန်ပေးအပ်ထားပါကြောင်း။

**ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား၊ ကျောင်းသူတစ်ဦးသည် သက်ဆိုင်ရာ အတန်းတစ်တန်းအတွက် ပညာသင်ယူမှုပြီးမြောက်ချိန်တွင်ဖြစ်စေ၊ ပညာသင်နှစ်မကုန်ဆုံးမီဖြစ်စေ ပင်မကျောင်းသို့ ပြောင်းရွှေ့တက်ရောက်လိုပါက သတ်မှတ်ပေးထားသည့် ကျောင်းထွက်လက်မှတ်တွင် ဖြည့်စွက်ပြုစုပေး၍ လွှဲပြောင်းပေးနိုင်ပါကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် အခြေခံပညာကျောင်းများ၏ သင်ကြားရေးလုပ်ငန်းများကို မျှဝေတာဝန်ယူသည့်အနေဖြင့် ပညာသင်ယူရန်အခက်အခဲရှိသည့် ဒေသခံကလေးငယ်များအား ပညာသင်ယူခွင့်ရရှိနိုင်ရန် စီစဉ်ဖွင့်လှစ်ပေးသည့် ပရဟိတလုပ်ငန်းတစ်ရပ်အဖြစ် ကူညီဆောင်ရွက်ပေးခြင်းသာဖြစ်ပါကြောင်း၊ လက်ရှိပညာသင်ယူနေသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ပညာရေးဝန်ကြီးဌာနက လွှဲပြောင်းလက်ခံရယူရန် အစီအစဉ် မရှိပါကြောင်း။**

သို့ဖြစ်၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ အခြေခံပညာကျောင်းများသို့ ပြောင်းရွှေ့တက်ရောက်လိုသည့် ကျောင်းသား၊ ကျောင်းသူများအား အခြေခံပညာကျောင်းများက အတန်းစဉ်မပျက် လက်ခံသင်ကြားပေးနိုင်ပါကြောင်းနှင့် အဆိုပါကျောင်းများအား အခြေခံပညာကျောင်းအဖြစ် သတ်မှတ်ပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အဆိုတင်သွင်းဆွေးနွေးခြင်းကဏ္ဍတွင် နမ့်ဆန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဆွေက **မြန်မာနိုင်ငံ၏ ITကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရနယ်ပယ်တွင် ITကို ကျယ်ပြန့်စွာအသုံးပြုနိုင်ရေး** အဆိုကို တင်သွင်းရာ ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင်နှင့် ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့်တို့က ထောက်ခံဆွေးနွေးကြပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ဦးမောင်မောင်ဆွေ၏အဆိုကို သဘောတူပါကြောင်းဖြင့် တင်ပြသည်။

ယင်းအဆိုကို လွှတ်တော်က သဘောတူသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ဒုတိယပုံမှန်အစည်းအဝေး(၃၉)ရက်မြောက်နေ့ကို မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး (၄၀)ရက်မြောက်နေ့ကို အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

**※ အမျိုးသားလွှတ်တော်မှ**

ပြည်တွင်း၌ သတ်မှတ်ချက်များနှင့်အညီ လွတ်လပ်စွာရောင်းချခွင့်၊ ဝယ်ယူခွင့်ရှိပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း အပိုဒ် ၄ (ဂ) တွင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းကို ဥပဒေပြုဆောင်ရွက်နိုင်ကြောင်း ဖော်ပြပါရှိသဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့တွင်လည်း မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ တန်ဖိုးဖြတ်ရတနာခွန်ဆောင်ပြီးသော ကျောက်စိမ်းအရိုင်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖြတ်တောက်ခြင်းနှင့် အချောထည်ကျောက်သွေးလုပ်ငန်းများ ဆောင်ရွက်ခြင်း ပြုလုပ်ခွင့်ရှိပါကြောင်း။

ကျောက်စိမ်းအရိုင်းများနှင့် ၎င်းတို့မှပြုလုပ်ရရှိသော တန်ဖိုးမြင့်အချောထည်လက်ဝတ်ရတနာများကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၅၄ ပုဒ်မခွဲ (ခ)အရ သတ်မှတ်ထားသည့် နယ်စပ်ဒေသ (၁၉)မြို့မှအပ ပြည်တွင်း၌သတ်မှတ်ချက်များနှင့်အညီ လွတ်လပ်စွာသယ်ယူခွင့်၊ ရောင်းဝယ်ခွင့်ရှိပါကြောင်း၊ ကျောက်စိမ်း၊ ကျောက်မျက်အချောထည်ပစ္စည်းများကို နေပြည်တော်၊ မန္တလေးနှင့် ရန်ကုန်မြို့ကြီးများတွင် One Stop Service Center များဖွင့်လှစ်၍ သင့်တင့်သောအခွန်ငွေများ ပေးဆောင်စေပြီး လေကြောင်း၊ ရေကြောင်း၊ ကုန်းလမ်းတို့မှ ပြည်ပသို့ တရားဝင်ထုတ်ဆောင်ခွင့်ပြုနိုင်ရေး စီမံဆောင်ရွက်လျက် ရှိပါကြောင်း။

**သို့ဖြစ်ပါ၍ ဖားကန့်ဒေသမှ ထွက်ရှိသော ကျောက်စိမ်းများကို မိုးကောင်းမြို့၌ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အချောထည်ပြုလုပ်ခြင်းလုပ်ငန်းများကို ပြုလုပ်နိုင်ပြီး ရရှိလာသောတန်ဖိုးမြင့် အချောထည်လက်ဝတ်ရတနာ၊ ရုပ်တုရုပ်ထွင်းပစ္စည်းများကို နယ်စပ်ဒေသများမှအပ ပြည်တွင်းမည်သည့်နေရာတွင်မဆို ရောင်းချနိုင်ပါကြောင်းနှင့် သတ်မှတ်အခွန်ပေးဆောင်ပြီး ပြည်ပသို့ တရားဝင်တင်ပို့ရောင်းချခွင့် ရရှိရေးအတွက်လည်း နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့တွင် ပူးပေါင်းဆောင်ရွက်ရေးဌာန (၁)ခုစီ မကြာမီဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း**ဖြင့် ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ရထားပို့ဆောင်ရေးဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှဦးကျွန်ခဲန်း၏ **“စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ တမူးမြို့သို့ ရထားသံလမ်းတည်ဆောက်ပြေးဆွဲမှု စီမံကိန်း ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း”** မေးခွန်းနှင့် စပ်လျဉ်း၍ ကလေး-တမူးရထားလမ်းပိုင်းသည် စင်ကာပူမှ တူရကီသို့ နောင်ဖောက်လုပ်မည့် အာရှရထားလမ်းမကြီး၏ တောင်ဘက်စင်္ကြံ (Trans - Asian Railway Southern Corridor)၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်ပါကြောင်း၊ ၂၀၀၄ခုနှစ် အောက်တိုဘာ ၁၁ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ အိန္ဒိယသမ္မတနိုင်ငံ Rail India Technical & Economic Services (RITES) အဖွဲ့နှင့် မြန်မာ့မီးရထားတို့ပူးပေါင်း၍လေ့လာခဲ့ပြီး လေ့လာမှုအစီရင်ခံစာအရ (၁၂၇ ဒသမ ၄) ကီလိုမီတာရှည်လျားကြောင်းနှင့် အိန္ဒိယငွေရူပီး (၄၂၉၄ ဒသမ ၅၇)သန်းခန့် ကုန်ကျမည်ဟု ခန့်မှန်းထားပါကြောင်း၊ ယင်းရထားလမ်းကြောင်းဖြင့်ဆက်မည့် အိန္ဒိယနိုင်ငံဘက်ခြမ်းရထားလမ်းအပိုင်းကို မဆောက်လုပ်နိုင်သေးကြောင်းကိုလည်း သိရပါကြောင်း။

**ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်း ရထားလမ်းကွန်ရက် တိုးတက်စေရေးအတွက် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း (၁၃)ခု (၂၂၅၅)မိုင်အား ဦးစားပေးဖောက်လုပ်လျက် ရှိပါကြောင်း၊ အထက်ပါစီမံကိန်းများပြီးစီးချိန်တွင် ယင်းရထားလမ်းဖောက်လုပ်ရေးကိစ္စကို နိုင်ငံတော်သို့ တင်ပြဆောင်ရွက်မည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင်၏ **“မိုးညှင်းမြို့တွင် ကညနရုံး ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ မိုးညှင်းခရိုင်အတွင်းရှိ မိုးညှင်းမြို့၊ မိုးကောင်းမြို့နှင့် ဖားကန့်မြို့များတွင် ယာဉ်စီးရေ (၁၆၅၈၁)စီးနှင့် ယာဉ်မောင်းလိုင်စင်စောင်ရေ(၁၂၉၃၄)စောင် ရှိပါကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံးတိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် ဖွဲ့စည်းပုံတိုးချဲ့ရေးကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ထားဆဲဖြစ်ပါကြောင်း၊ **ပြည်ထောင်စုအစိုးရအဖွဲ့၏ ဖွဲ့စည်းပုံခွင့်ပြုချက်ရရှိပါက ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ရသုံးမှန်းခြေငွေစာရင်း၌ မိုးညှင်းခရိုင်ရုံး ဖွင့်လှစ်ရန် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုသည့်အခါ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ခရိုင်ရုံးမဖွင့်လှစ်နိုင်သေးမီ ကြားကာလတွင် ယာဉ်စစ်ဆေးမှု ပိုမိုအဆင်ပြေစေရေးအတွက် နယ်လှည့်စစ်ဆေးရေးအဖွဲ့ဖြင့် (၁)နှစ်လျှင် (၄)ကြိမ်စစ်ဆေးဆောင်ရွက်နေရာမှ (၁)နှစ်လျှင် (၅)ကြိမ်သို့ တိုးမြှင့်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ပြည်ထဲရေးဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းကြရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမနားနိုင်း၏ **“ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် မုန်းချောင်းဝှမ်းလွင်ပြင်ရှိ မြေလွတ်မြေရိုင်းများကို ပြည်ထောင်စုအစိုးရက လယ်မြေများအဖြစ် ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ ချင်းပြည်နယ်တွင် လယ်ယာစိုက်ပျိုးနိုင်သောမြေ နည်းပါးသဖြင့် ပြည်သူအများစုမှာ ရွှေ့ပြောင်းတောင်ယာစနစ်ကို ကျင့်သုံးလျက်ရှိသောကြောင့် မြေဆီလွှာခန်းခြောက်ခြင်း၊ သစ်တောသစ်ပင်ပြုန်းတီးခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတွေ့ကြုံလျက်ရှိနေသည်ဟု သိရှိရပါကြောင်း။

အဆိုပါ ရွှေ့ပြောင်းတောင်ယာစနစ်ကြောင့် ချင်းပြည်နယ်အတွင်း သစ်တောများ ပြုန်းတီးပြီး သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲနေမှုတို့ကို ထိန်းသိမ်းနိုင်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှစတင်၍ ကုန်းမြင့်ဒေသ လယ်ယာမြေ ဖော်ထုတ်ရေးကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ယင်းဝန်ကြီးဌာနအစီအစဉ်ဖြင့် (၂၆၈၄)ဧက၊ တောင်သူအစီအစဉ်ဖြင့်(၄၁၀၉)ဧက စုစုပေါင်း(၆၇၉၃)ဧကကို ဖော်ထုတ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေခွင့်ပြုမှုအရ ကုန်းမြင့်လယ်ယာမြေဧက(၁၀၀) ဖော်ထုတ်ရန် လျာထားသတ်မှတ်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ (၅၂)ဧက ဖော်ထုတ်ပြီး ဖြစ်ပါကြောင်း။

မုန်းချောင်းဝှမ်းလွင်ပြင်ဒေသတွင် လယ်ယာမြေများစိုက်ပျိုးလုပ်ကိုင်ရန်နှင့် နှစ်ရှည်သီးနှံစိုက်ပျိုးလုပ်ကိုင်နိုင်ရန် မြေလွတ်မြေရိုင်းများ ဖော်ထုတ်လိုပါက စိုက်ပျိုးလုပ်ကိုင်လိုသည့် ပုဂ္ဂိုလ်/အဖွဲ့အစည်းသည် နိုင်ငံတော်က ဖွဲ့စည်းပေးထားသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ မြို့နယ်/ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ မြေစာရင်းဦးစီးဌာနတို့၏ ထောက်ခံချက်များ၊ ပြည်နယ်အစိုးရအဖွဲ့ သဘောတူညီချက်များနှင့်အတူ လျှောက်ထားနိုင်ပြီး ၎င်းကော်မတီ၏ ခွင့်ပြုချက်အရ ဗဟိုမြေယာကော်မတီ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရရှိမည်ဖြစ်ပါကြောင်း။

**အဆိုပါ မြေလွတ်မြေရိုင်းများကိုဖော်ထုတ်ပြီး ရေသွင်းစိုက်လယ်ယာမြေများအဖြစ် လုပ်ကိုင်လိုပါက အဆင့်ဆင့်စိစစ်ထောက်ခံချက်များဖြင့် ချင်းပြည်နယ်အစိုးရထံ တင်ပြပြီး ချင်းပြည်နယ်အစိုးရအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ ပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာငွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ထပ်မံပံ့ပိုးပေးမှုတို့ဖြင့် စက်၊ ယန္တရားများအသုံးပြု၍ လယ်ယာမြေဖော်ထုတ် လုပ်ကိုင်နိုင်မည်ဖြစ်ပါကြောင်း၊ တောင်ကုန်း၊ တောင်တန်းနေရာများတွင် ကုန်းမြင့်လယ်ယာမြေများအဖြစ် ဖော်ထုတ်၍ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်မှုမှ အမြဲတမ်းလယ်ယာမြေများအဖြစ် ပြောင်းလဲအသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ပြည်ထောင်စုအစိုးရ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်းက **“ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကို အစည်းအဝေးခန်းနှင့်တွဲလျက် သင့်တော်သော အဆောက်အအုံအဖြစ် နိုင်ငံတော်မှ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးမြန်းရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို တိုင်းဒေသကြီး (၇)တိုင်း၊ ပြည်နယ် (၇)ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (၁)တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၅)ဒေသ၊ ခရိုင် (၆၈)ခရိုင်၊ မြို့နယ် (၃၃၀)မြို့နယ်၊ မြို့နယ်ခွဲ (၈၂)ခု၊ မြို့ (၃၉၆)မြို့၊ ရပ်ကွက် (၃၀၄၄)ရပ်ကွက်၊ ကျေးရွာအုပ်စု (၁၃၆၂၈)အုပ်စု၊ ကျေးရွာပေါင်း (၆၄၃၄၆) ရွာတို့ဖြင့် ဖွဲ့စည်းထားပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသည် နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုဝန်ကြီး ဌာနအသီးသီး၏ ဌာနဆိုင်ရာဝန်ထမ်းများကို တာဝန်ပေး၍ ခရိုင်နှင့် မြို့နယ်အတွင်းနေ ပြည်သူတို့အတွက် စားဝတ်နေမှုဖူလုံရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စသည့်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုလည်း တာဝန်ယူကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့် အနီးကပ်ထိတွေ့ဆောင်ရွက်မှုကို ရပ်ကွက်/ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးက အကောင်အထည်ဖော်ရပြီး ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ရုံးများကို ယခင် ရပ်ကွက်/ကျေးရွာအုပ်စု



ယဉ်ကျေးမှုဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါ် စန္ဒာ ခင် မေး မြန်း ချက် များ ကို ပြန် လည် ဖြေကြား စဉ်။
(သတင်းစဉ်)

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ အစဉ်အဆက်အသုံးပြုခဲ့သော အဆောက်အအုံများတွင် ဆက်လက်အသုံးပြုနိုင်ရန် စီစဉ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါရုံးများနှင့် ပတ်သက်၍ ယခင်က သက်ဆိုင်ရာခရိုင်၊ မြို့နယ်အစီအစဉ်ဖြင့် အဆောက်အအုံပြင်ဆင်ပေးခြင်း၊ ရုံးမြေနေရာများသတ်မှတ်၍ အဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ ရပ်ကွက်/ကျေးရွာအတွင်း လစ်လပ်လျက်ရှိသောအဆောက်အအုံများကို ရုံးများဖွင့်လှစ်နိုင်ရန် စီစဉ်ခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

နိုင်ငံတော်တစ်ဝန်းလုံးတွင် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး စုစုပေါင်း (၁၆၆၇၂) ရုံးရှိပြီး ဖြစ်ပါကြောင်း၊ အဆိုပါရုံးနေရာများသည် များသောအားဖြင့် ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း သင့်လျော်သော နေရာများ၌တည်ရှိပြီး ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှ မိမိတို့၏ အထောက်အကူပြုအဖွဲ့နှင့် အစည်းအဝေး



ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံပြည့် မေးမြန်းစဉ်။
(သတင်းစဉ်)



တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေ မေးမြန်းစဉ်။
(သတင်းစဉ်)

ပြုလုပ်နိုင်သည့် အနေအထားတွင်ရှိကြောင်းလည်း သိရှိရပါကြောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း ပြည်သူလူထုနှင့် အစည်းအဝေးကျင်းပပြုလုပ်ရန် လိုအပ်သည့်အခါတွင် အဆိုပါ ရပ်ကွက်/ကျေးရွာအုပ်စုရှိ ဘာသာရေး၊ လူမှုရေးဆိုင်ရာအဆောက်အအုံများနှင့် ဓမ္မာရုံများနှင့် လည်းကောင်း၊ စာသင်ကျောင်းများ၏ စုဝေးခန်းမများနှင့်လည်းကောင်း၊ သက်ဆိုင်ရာရပ်ကွက်ရှိ လူများစုဝေးနိုင်သည့် မြေလွတ်၊ မြေလပ်များတွင်လည်းကောင်း ယခင်က ကျင်းပပြုလုပ်ခဲ့ကြောင်း တွေ့ရှိရပါကြောင်း။

**မေးခွန်းပါအတိုင်း အစည်းအဝေးခန်းမနှင့် တွဲလျက် အဆောက်အအုံရုံးအသစ်တည်ဆောက်ပေးရန်မှာ နိုင်ငံတော်ဘဏ္ဍာငွေကို အထူးတလည် မလိုအပ်သေးသည့်ကဏ္ဍတွင် အသုံးပြုရာရောက်နိုင်ပြီး အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်အတွက် ဘဏ္ဍာငွေလျော့နည်းသွားနိုင်ပါကြောင်း၊ လက်ရှိအနေအထားအရလည်း သင့်တင့်သောရုံးအဆောက်အအုံများ ရှိပြီးဖြစ်ခြင်း၊ အသစ်တည်ဆောက်မည့်အဆောက်အအုံအတွက် ဆောက်လုပ်ရန်နှင့် ထိန်းသိမ်းရန် ရန်ပုံငွေများလိုအပ်ခြင်း၊ အုပ်ချုပ်ရေးရုံးတွင်လည်း လူအင်အားမများခြင်း၊ ပြည်သူလူထုနှင့် အစည်းအဝေးကျင်းပရန်လိုအပ်သည့်အခါတွင် ဘာသာရေး/လူမှုရေးဆိုင်ရာ အဆောက်အအုံများနှင့် ဓမ္မာရုံများတွင် ပြုလုပ်နိုင်ခြင်းတို့ကြောင့် တည်ဆောက်ပေးရန် လတ်တလောအနေဖြင့် အစီအစဉ်မရှိသေးပါကြောင်း၊ အကယ်၍ အဆိုပါရုံးများသည် သင့်တင့်သည့်အသွင်အပြင် လိုအပ်နေပြီး ကောင်းမွန်ခြင်းမရှိပါက သက်ဆိုင်ရာ မြို့နယ်/ခရိုင်အုပ်ချုပ်ရေးမှူးများသို့ တင်ပြ၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။



သတ္တုတွင်း ဝန်ကြီး ဌာန ပြည်ထောင်စု ဝန် ကြီး ဦး သိန်း ထိုက် မေး မြန်း ချက် များ ကို ပြန် လည် ဖြေကြား စဉ်။
(သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းဆွေက **“ဗဒုံမင်း (ဘိုးတော်ဘုရား) အား ဆက်သခဲ့သော နိဗ္ဗာနပစ္စယနာဂရာဇာဆဒ္ဒန် ဆင်ဖြူတော်၏ အစွယ်တော်(၂)ချောင်း သဘာဝသမိုင်းပြတိုက်သို့ ရောက်နေခြင်း”** နှင့် စပ်လျဉ်းသည့် မေးခွန်းကိုမေးမြန်းရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ဘိုးတော်ဘုရား ဗဒုံမင်းအားဆက်သခဲ့သော နိဗ္ဗာန ပစ္စယ နာဂရာဇာ ဆဒ္ဒန်ဆင်ဖြူတော်၏ အစွယ်တော်(၂)ချောင်းကို ယခုအခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန(ရန်ကုန်)၏ သဘာဝသမိုင်းပြတိုက်တွင် စနစ်တကျ ခင်းကျင်းပြသထားရှိပါကြောင်း။

အဆိုပါ ဆင်ဖြူတော်ကြီး၏ လူတစ်ရပ်မက မြင့်မားသည့် လက်ဝဲလက်ယာစွယ်တော်ကြီး (၂)ချောင်းကို သီးခြားမှန်များကာရံ၍ အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် ပြသထားပါကြောင်း၊ ဆင်စွယ်များကိုပြသရာ၌ နောက်ခံအဖြစ် ဆင်ဖြူတော်ထားသည့် အဆောင်၊ အလံ၊ ထီး၊ အမှုထမ်း စသည်ဖြင့် အဆောင်အယောင်များကို ဒီဇိုင်းရေးဆွဲ၍ ဆင်ဖြူတော်ရရှိပုံကိုလည်း နန်းတွင်းပုရပိုက်များမှ မှတ်တမ်းမှတ်ရာများနှင့် ကိုးကားညှိနှိုင်း၍ ရေးသားဖော်ပြထားရာ ဆင်ဖြူတော်နှင့်ပတ်သက်၍ ဗဟုသုတများစွာ ရရှိစေပါကြောင်း။

ဤစွယ်တော်(၂)ချောင်းနှင့် ပတ်သက်၍ သိရှိရသည်မှာ ၁၈၈၅ ခုနှစ် အင်္ဂလိပ်များ မြန်မာနိုင်ငံကို သိမ်းပိုက်စဉ်က အင်္ဂလိပ်တပ်များနှင့် ပါလာသော လော့ဝီလျံဗီရက်ဖို့ဒ်သည် ဤဆင်စွယ်(၂)ချောင်းကို မန္တလေးနန်းတော်မှ အိုင်ယာလန်နိုင်ငံသို့ ယူဆောင်သွားပြီးနောက် ၁၈၉၂ ခုနှစ် မေလတွင် ဝါးတားဖို့ဒ်မြို့စားကြီး၏ ဘေးတော်သို့ လက်ဆောင်ပေးခဲ့ပါကြောင်း၊ ၁၉၃၁ ခုနှစ်တွင် ယင်းမြို့စားကြီး၏ ခမည်းတော်က ဆင်စွယ်တော်များကို ဒဗ္ဗလင်မြို့အမျိုးသားပြတိုက်သို့ လှူဒါန်းခဲ့ပါကြောင်း၊ ထို့နောက် ဆင်စွယ်များကို မြန်မာပြည် ရန်ကုန်မြို့ သဘာဝသမိုင်းပြတိုက်ကြီးတွင် ခင်းကျင်းပြသနိုင်ရန် ဒဗ္ဗလင်မြို့ အမျိုးသားပြတိုက်က ယခုဝါးတားဖို့ဒ် မြို့စားကြီးထံ ပေးအပ်ခဲ့ပါကြောင်း၊ ၎င်းက ၁၉၆၅ ခုနှစ် မေလတွင် အင်္ဂလန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးသို့ ပေးအပ်ခဲ့ပြီး ရန်ကုန်သဘာဝသမိုင်းပြတိုက်တွင် အများပြည်သူ လေ့လာကြည့်ရှုနိုင်ရန် ပြသထားခြင်းဖြစ်ပါကြောင်း။

သဘာဝသမိုင်းပြတိုက်တွင် ပြသထားသည်မှာ သက်ရှိသတ္တဝါများ၏ အရိုးစုများနှင့် ရုပ်လုံး ရုပ်ကြွင်းများ၊ အစွယ်များကို သက်တမ်းအလိုက် ပြသထားခြင်းဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် သက်ရှိသတ္တဝါများ၏ ဖြစ်စဉ်များကို သဘာဝကျစွာ ပြသထားခြင်းဖြစ်ပါကြောင်း၊ အမျိုးသားပြတိုက်(ရန်ကုန်)တွင် ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ဆင်၊ ကြံ့၊ ရေမြင်း၊ တောဝက်၊ တောင်ဆိတ် စသည့်သတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းအစိတ်အပိုင်းများကို အများပြည်သူလေ့လာနိုင်ရန် ပြသထားရှိပြီးဖြစ်ပါကြောင်း။

**ထိုဆင်စွယ်တစ်စုံကို နိုင်ငံတော်က သဘာဝသမိုင်းပြတိုက်တွင် မှတ်တမ်းမှတ်ရာပြည့်စုံစွာဖြင့် စိတ်ဝင်စားဖွယ် စနစ်တကျ ခင်းကျင်းပြသထား၍ ထိုက်တန်စွာပြသထားသည်ဟု မှတ်ယူနိုင်သည့်အတွက် ယခုအခါတွင် လက်ရှိထိန်းသိမ်းထားသည့် သဘာဝသမိုင်းပြတိုက်၌ပင် ဆက်လက်၍ ပြသသွားသင့်ပါကြောင်း၊ အမျိုးသားပြတိုက်(ရန်ကုန်)သို့ နေရာပြောင်းရွှေ့ပြသရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း၊ နောင်တွင် နေပြည်တော်၌ တည်ဆောက်လျက်ရှိသည့်အမျိုးသားပြတိုက် တည်ဆောက်ရေးလုပ်ငန်း အဆင့်အားလုံး ပြီးစီးသွားပါက ကုန်းဘောင်ခေတ် ပြခန်းတွင် စနစ်တကျထည်ထည်ဝါဝါပြသနိုင်ရန် ဝန်ကြီးဌာနချင်း ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ယင်းမေးခွန်းနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနချင်းညှိနှိုင်း၍ နေပြည်တော် အမျိုးသားပြတိုက်တွင် ပြောင်းရွှေ့ပြသမည့်လုပ်ငန်းဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားသည့်အတွက် မေးခွန်းကို **“ဗဒုံမင်း ဘိုးတော်ဘုရားအားဆက်သခဲ့သော ထူးမြတ်သည့် နိဗ္ဗာနပစ္စယ နာဂရာဇာ ဆဒ္ဒန်ဆင်ဖြူတော်မှ ကြွင်းကျန်သော အစွယ်တော်(၂)ချောင်းကို သဘာဝသမိုင်းပြတိုက်တွင် ပြသခြင်းအစား နေပြည်တော်တွင်တည်ဆောက်လျက်ရှိသည့် အမျိုးသားပြတိုက်တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးပါက ပြောင်းရွှေ့ပြသရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း”** အဆိုအဖြစ် ပြောင်းလဲအတည်ပြုကြောင်း လွှတ်တော်ကဆုံးဖြတ်သည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က **“ ရေဝတီမြစ်ရေတင်စီမံကိန်း ဆင်တဲဝ(သမက္ကူ)ဆည်”** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးခင်ဇော်က ဆင်တဲဝ(သမက္ကူ) တမံအတွင်း လွန်ခဲ့သော(၁၀)နှစ်၏ တစ်နှစ် ပျမ်းမျှစီးဝင်ရေမှာ(၉၉၇၃)ဧကပေ ဖြစ်ပါကြောင်း၊ တမံ၏ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ (၁၂၀၀၀)ဖြစ်ပြီး ကန်ရေသေရေလှောင်ပမာဏမှာ ဧကပေ(၄၉၀၀) ဖြစ်ရာ ကန်ရေပြည့်သိုလှောင်နိုင်ပါက စိုက်ပျိုးရေအတွက် အမှန်တကယ်အသုံးပြုနိုင်သောရေပမာဏ(Active Storage) မှာ ဧကပေ (၇၁၀၀) ဖြစ်ပါကြောင်း၊ ၂၀၀၆ ခုနှစ်၊ ၂၀၁၀ ခုနှစ်တို့တွင် ကန်ရေ ပြည့်ပမာဏထက်ကျော်လွန်စီးဝင်မှုရှိခဲ့ပြီး ၂၀၀၇ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်တို့တွင် ဧက ပေ(၇၀၀၀)ခန့်သာ စီးဝင်သဖြင့် စိုက်ပျိုးရေလိုအပ်မှုဖြစ်ပေါ်ခဲ့ခြင်း ရှိခဲ့ပါကြောင်း။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖**



ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ဂျပန်-မြန်မာ ပါလီမန်အမတ်များ၊ ချစ်ကြည်ရေးအဖွဲ့ ဥက္ကဋ္ဌဟောင်းနှင့် ဝါရင့်အထက်လွှတ်တော် ဥက္ကဋ္ဌဟောင်း Mr. Watanabe Hideo ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ဂျပန်ချစ်ကြည်ရေးအဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၁**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ဂျပန်-မြန်မာ ပါလီမန်အမတ်များ၊ ချစ်ကြည်ရေးအဖွဲ့ ဥက္ကဋ္ဌဟောင်းနှင့် ဝါရင့်အထက်လွှတ်တော် ဥက္ကဋ္ဌဟောင်း Mr. Watanabe Hideo ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် ယနေ့ ညနေ ၃ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရေး၊ ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အတတ်ပညာများနှင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများ၊ အကူအညီပေးနိုင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနတာဝန်ခံအရာရှိများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ စာမျက်နှာ ၆ မှ

စီမံကိန်းကို ဆောင်ရွက်ရန်အဆိုပြုစဉ်က စီမံကိန်းလျာထားဧကမှာ ဧက(၃၈၀၀) ဖြစ်သော်လည်း ဒီဇိုင်းပုံစံပြုလုပ်ရာတွင် ရေပေးဝေနိုင်သော ရေသောက်ဧရိယာကို ဧက (၃၀၀၀) သတ်မှတ်ခဲ့ပါကြောင်း။

မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှ ဆည်ရေသောက်ဧရိယာများကို ပြန်လည်စိစစ်ချက်အရ စိစစ်ပြီးရေသောက်ဧရိယာမှာ (၂၇၇၆)ဧကသာ ဖြစ်ပါကြောင်း၊ ပကတိမြေပြင်အနေအထားအရ ပြန်လည်စိစစ်ခဲ့ရာတွင် မြင့်ရာမှနိမ့်ရာသို့ ရေစီးဆင်းစေသောစနစ် (Gravity Flow)ဖြင့် (၁၁၅၂)ဧက ရေပေးဝေနိုင်ပြီး စိုက်ပျိုးခြင်းမပြုနိုင်သော ကျောက်ကုန်းမြေ(၆၄)ဧက၊ သဲဆန်လွန်းသောမြေ (၅၂၃)ဧကနှင့် အမြင့်ပိုင်းကျ၍ Gravity Flow ဖြင့် ရေမပေးနိုင်သောဧရိယာ(၁၀၃၇)ဧကရှိကြောင်း သိရှိရပါကြောင်း။

စိုက်ပျိုးသီးနှံများ၏ ရေလိုအပ်ချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်း စီမံကိန်းများတွင် စိုက်ပျိုးရာသီ တစ်ရာသီအတွက် မိုးစပါး တစ်ဧကလျှင် (၄ ဒသမ ၅)ပေမှ (၆ ဒသမ ၅)ပေ၊ နွေစပါး တစ်ဧကလျှင် (၅ ဒသမ ၅)ပေမှ (၇ ဒသမ ၅)ပေအထိ လိုအပ်ပြီး ဆီထွက်သီးနှံတစ်ဧကလျှင် (၂ ဒသမ ၅) ပေမှ (၄)ပေအထိ လိုအပ်ပါကြောင်း၊ မြန်မာပြည်အောက်ပိုင်းဒေသများထက် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ စီမံကိန်းဧရိယာများတွင် ရေပိုမိုလိုအပ်ကြောင်း၊ အလယ်ပိုင်းဒေသစီမံကိန်းများ၏ ပျမ်းမျှရေပေးသွင်းထိရောက်မှုကိန်း (Irrigation Efficiency) မှာ (၄၀)ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ဆိုလိုသည်မှာ သီးနှံစိုက်ကွင်းတွင် ရေ(၁)ပေအနက်ရရှိရန်အတွက် ရေလှောင်တမံမှ (၂ ဒသမ ၅)ပေ ထုတ်လွှတ်ပေးရမည့် သဘောဖြစ်ပါကြောင်း၊ သဲဆန်သောမြေများတွင် တူးမြောင်းများအတွင်း ရေစီးဆင်းစဉ် မြေအောက်သို့ ရေစိမ့်ဝင်ဆုံးရှုံးမှု (Conveyance Losses) များ၍ ရေပိုမိုလိုအပ်ရခြင်း ဖြစ်ပါကြောင်း။

မိုးစပါးသီးနှံအတွက် ပျမ်းမျှရေလိုအပ်ချက်ကို (၅)ပေဖြင့်တွက်လျှင် မိုးစပါး (၁၁၅၂)ဧကကို အပြည့်အဝရေပေးဝေနိုင်ပြီး ပိုလျှံရေဖြင့် နွေစပါး ဧက(၂၀၀)ခန့်အတွက်သာ စိုက်ပျိုးရေလုံလောက်မှုရှိမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တမံရေပေးမြောင်းမကြီး ပေတိုင်(၂၆၆၀၀)ပေရှိ (ချောင်းဆုံ)လျှပ်စစ် ရေတင်ဧက(၅၀၀)အတွက် ရေပေးရန်လုံလောက်မှုမရှိနိုင်ပါကြောင်း၊ မိုးကောင်း၍ တမံရေပြည့်သောနှစ်များတွင် မိုးစပါးအတွက် တမံမှရေလွှတ်ပေးရမှု လျော့နည်းသဖြင့် နွေစပါးဧက ပိုမိုတိုးတက်စိုက်ပျိုးနိုင်မည်ဖြစ်ပါကြောင်း။

တမံအတွင်းရှိသည့် သိုလှောင်ရေပမာဏဖြင့် ပိုမိုတိုးတက်စိုက်ပျိုးလိုပါက စပါးတစ်မျိုးတည်းကို စိုက်ပျိုးမည့်အစား ရေလိုအပ်ချက်နည်းသော သီးနှံပုံစံတွဲ (မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ နေကြာ)ကို ပြောင်းလဲစိုက်ပျိုးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဆည်မြောင်းဦးစီးဌာနအနေဖြင့် တမံအတွင်း ဝင်ရောက်လာသော ရေများကို စိုက်ပျိုးရေအတွက် အကျိုးရှိစွာ သုံးစွဲလျက်ရှိပါကြောင်းနှင့် ရေစီမံခန့်ခွဲမှု (Water Management) အားနည်းချက်ကြောင့် ရေဆုံးရှုံးခြင်းမဟုတ်ပါကြောင်းဖြင့် ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ တင်သွင်းခဲ့သည့် **“လက်ရှိတပ်မတော်တွင် တိုက်ခိုက်ရေးတာဝန်မဟုတ်သော စစ်မှုရေးရာဌာနများ၌ အမျိုးသမီးစစ်မှုထမ်းများခန့်ထားရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးမန်းကံညွန့်နှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှဦးစောထွန်းမြအောင်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေက အမျိုးသမီးများ စစ်မှုထမ်းခြင်းအပေါ် တားမြစ်ထားခြင်း မရှိပါကြောင်း၊ ယခင်က တပ်မတော်တွင် အမျိုးသမီးအရာရှိများ ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့ကြပါကြောင်း၊ အမျိုးသမီးသူနာပြုများသည်လည်း လူနာများအပေါ် မိခင်စိတ်ဖြင့်ပြုစုကုသပေးခဲ့ကြပါကြောင်း၊ အမျိုးသမီးများအနေဖြင့် စစ်မှုထမ်းရန် ဝန်လေးမည်မဟုတ်ဘဲ စစ်မှုထမ်းခွင့်ရရန်သာလိုအပ်ပါကြောင်း၊ ၎င်းတို့အား အုပ်ချုပ်မှုဌာနများတွင် စာရေးများ၊ ရုံးအုပ်များ၊ သူနာပြုများအဖြစ်ခန့်ထားနိုင်ပြီး အခြား တိုက်ခိုက်ရေးမဟုတ်သော တပ်ဖွဲ့များ၌လည်း ခန့်ထား၍ရနိုင်ပါကြောင်း၊ အမျိုးသမီးများစစ်မှုထမ်းခြင်းကို ကန့်သတ်မထားဘဲ သင့်လျော်ရာ၊ ကျွမ်းကျင်ရာနေရာများတွင် ခန့်ထားသင့်ပါကြောင်း စသည်ဖြင့် ဆွေးနွေးကြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်သော်က တပ်မတော်တွင် ၁၉၄၈ ခုနှစ်မှ ယနေ့အထိ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး ကွပ်ကဲမှုအောက်ရှိတပ်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တပ်များ၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တပ်များနှင့် ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တပ်များတွင် အမျိုးသမီးစစ်မှုထမ်း (စစ်သည်အစားခန့်အပါအဝင်) များ ခန့်အပ်ခဲ့ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်စစ်မှုထမ်းဥပဒေတို့အရ လိုအပ်ပါက လိုအပ်သည့်အချိန်တွင် လိုအပ်သလို ခန့်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင် တင်သွင်းထားသည့် **“လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ လယ်လုပ်ပိုင်ခွင့်များ ဆုံးရှုံးခြင်းမရှိစေရန် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးတင်ယု တို့က ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်များမှ တောင်သူလယ်သမားများမှာ ယင်းတို့၏လယ်မြေများတွင် နှစ်ပေါင်းများစွာကတည်းက လယ်ယာလုပ်ငန်း လုပ်ကိုင်ခဲ့ကြပါကြောင်း၊ ၂၀၀၈ ခုနှစ်တွင် နိုင်ငံတော်က လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေး၊ လယ်သမားဘဝဖွံ့ဖြိုးရေး စသည့် ရည်ရွယ်ချက်များဖြင့် ဒေသခံတောင်သူများကို လုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်စေခဲ့သော်လည်း အဆင်မပြေမှုများ ဖြစ်ပေါ်နေပါကြောင်း၊ ကုမ္ပဏီအချို့က မပြောပလောက်သည့်ငွေကိုသာ ပေးချေပြီး လယ်မြေများကို အပိုင်ရယူလာသည်ဟု ကြားသိရပါကြောင်း၊ လက်ငုတ်လယ်သမားများအနေဖြင့် လယ်ယာလုပ်ကိုင်ခွင့်မရဘဲ ဖြစ်နေရပါကြောင်း၊ နိုင်ငံတော်က ယင်းကိစ္စကို ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးကြသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၈) ရက်မြောက်နေ့ကို မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ရပ်နားပြီး (၃၉) ရက်မြောက်နေ့ အစည်းအဝေးကို ၂၀၁၁ ခုနှစ် အောက်တိုဘာ (၂၄) ရက် တနင်္လာနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသည့် မေးခွန်း (၇)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ မေးခွန်း(၁) ခုကို အဆိုအဖြစ် ပြောင်းလဲအတည်ပြုခြင်း၊ အဆို(၁)ခုကို အတည်ပြုခြင်းနှင့် အဆိုတစ်ခုကို ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**သစ်တောနဲ့ သစ်ပင်**
**ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက်**
**ရွှေတိုက်ကိုစိုး**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် MYANMAR IWATANI LPG TRADING CO., LTD. တို့ စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပွဲ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် အောက်တိုဘာ ၂၀ ရက် ညနေ ၆ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် KOBELCO BMS 800 CRAWLER CRANE (80 Tons) နှစ်စီး ဝယ်ယူရန်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် MYANMAR IWATANI LPG TRADING CO., LTD. တို့ စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ယင်းနောက် MYANMAR IWATANI LPG TRADING CO., LTD. မှ Managing Director ဒေါ်အိဖြူစင်ဌေးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် MYANMAR IWATANI LPG TRADING CO., LTD. မှ Managing Director တို့သည် စာချုပ်များ၌ နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးကြသည်။ (သတင်းစဉ်)



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dr. Ahmad Faisal Bin Muhamad သည် အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် ပညာရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအေးကြူ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာ့သစ်တော သီတင်းပတ်အထိမ်းအမှတ် အလွတ်တန်းတတ်ပုံနှင့် ကာတွန်းပြိုင်ပွဲနှင့် အခြေခံပညာအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများစာရင်းထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၂၁**

သစ်တောဦးစီးဌာနမှ မြန်မာ့သစ်တော သီတင်းပတ် အထိမ်းအမှတ်အဖြစ် “သစ်တောကဏ္ဍဖွံ့ဖြိုးမှု သာယာလှပ လူ့ဘောင်ဘဝ (Forests for People)” ခေါင်းစဉ်ဖြင့် ဖိတ်ခေါ်ကျင်းပခဲ့သည့် အလွတ်တန်းဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများမှာ ပထမ ဦးတေဇာလင်းမောင် (မြေလတ်သား)၊ ဒုတိယ ဦးအောင်ဌေးလှိုင်၊ တတိယဖရန်ကီထွန်းတင် (FRANKIE TUN TIN )၊အထူးဆု(၁)ရဲနောင် (Phe Khon)၊အထူးဆု(၂) ဓာတ်ပုံလှိုင်သန်းတင့်(ရွှေပန်းချီ)ရမည်းသင်း၊ အထူးဆု(၃)အောင်ကျော်ထွန်း (ပုသိမ်ကြီး)တို့ဖြစ်ပြီး အလွတ်တန်းကာတွန်းပြိုင်ပွဲတွင် ဆုရရှိသူများမှာ ပထမ ဦးတင်အောင်၊ ဒုတိယ ဦးမျိုးရန်အောင်(ကာတွန်းမျိုးကြီး)၊ တတိယ ဦးစန်းလွင်(မောင်မောင်စန်းလွင်)၊အထူးဆု(၁)မဝင်းဝင်းသန်း(ဆုပြည့်)၊အထူးဆု(၂) ဦးထွန်းထွန်းဝင်း (ကာတွန်း စိန်ထွန်းထွန်း)နှင့် အထူးဆု(၃) ဦးတင်ဝမ်းတို့ ဖြစ်ကြသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့သော အခြေခံပညာအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများမှာ ပထမ မောင်သန်းဇော်လတ် [(အဋ္ဌမတန်း)အထက-(၃)သပြေပင်၊လယ်ဝေးမြို့]၊ဒုတိယ မောင်ဇေယျာတင့် [(နဝမတန်း) အထက-(၅)၊ ဇမ္ဗူသီရိမြို့ နယ်]၊ တတိယ မောင်သီဟကိုကို [(အဋ္ဌမတန်း) အထက၊ တောင်ညို]၊ အထူးဆု(၁) မောင်မင်းသန့်ခိုင် [(အဋ္ဌမတန်း) အလက(၃) သပြေကုန်း၊ ဇမ္ဗူသီရိမြို့နယ်]၊ အထူးဆု(၂) မောင်သားငယ်ခန့် [(အဋ္ဌမတန်း) အထက(၁) ပျဉ်းမနားမြို့နယ်]နှင့် အထူးဆု(၃) မောင်ဝင်းနိုင်ဦး [(အဋ္ဌမတန်း) အထက(၁၈) ဒက္ခိဏသီရိမြို့နယ်]တို့ ဖြစ်ကြသည်။

အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆက်လက်၍ သတင်းထုတ်ပြန်သွားမည်ဖြစ်သည်။

ဆုများကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ ၂၈ ရက်အထိ သစ်တောဦးစီးဌာန နေပြည်တော်၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် ၂၀၁၁ အထိမ်းအမှတ် မြန်မာ့သစ်တောသီတင်းပတ်အခမ်းအနားတွင် ပေးအပ်ချီးမြှင့်မည်ဖြစ်သဖြင့် ဆုရရှိသူများသည် အခမ်းအနားတွင် တက်ရောက်၍ ဆုလက်ခံရယူနိုင်ရန်အတွက် လေ့ကျင့်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဌာန နေပြည်တော် ဖုန်း-၀၆၇-၄၀၅၁၁၂၊ ၄၀၅၃၉၅၊ ၀၉-၈၆၄၀၆၁၉၊ ၀၉-၅၄၀၁၁၉၁နှင့် ၀၉-၄၇၀၈၈၇၇၁ တို့သို့ အောက်တိုဘာ ၂၅ ရက် ညနေ ၄ နာရီခွဲ မတိုင်မီ ရုံးချိန်အတွင်း အမြန်ဆက်သွယ်ကြရန် သစ်တောဦးစီးဌာနက နှိုးဆော်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှု ညှိနှိုင်းစည်းဝေး

နေပြည်တော် အောက်တိုဘာ ၂၁

**(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အိမ်ရှင်အဖြစ်လက်ခံကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီပြိုင်ပွဲဝင်နိုင်ငံများအား တာဝန်ခံကူညီ ဆက်ဆံရေးဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ အတွင်းရေးမှူး၊ ပြိုင်ပွဲဝင်နိုင်ငံများအား တာဝန်ခံကူညီဆက်ဆံရေးဆပ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆွေးနွေးခဲ့သည်များအရ အဆင့်မြင့်ပညာရေးဦးစီးဌာန အထက်နှင့် အောက်မြန်မာပြည်တို့မှ တက္ကသိုလ်၊ ကောလိပ်များ၌ အင်္ဂလိပ်စာကောင်းမွန်သူ စေတနာဝန်ထမ်းတက္ကသိုလ် ကျောင်းသားလူငယ်ပေါင်း ၁၉၃၈ ဦးကို ကြိုတင်စုဆောင်းရရှိထားပြီးဖြစ်ကြောင်း၊ ဆပ်ကော်မတီအနေဖြင့် စေတနာ့ဝန်ထမ်းလုပ်အားပေး ၁၀၀၀၀ မှ ၁၅၀၀၀ ကြား လိုအပ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို သတ်မှတ်ပုံစံတွင် ဖြည့်စွက်အဆိုပြုနိုင်ကြောင်း၊ ဆက်သွယ်ဆက်ဆံရေးမှူး (Liaison Officer)၊ ကဏ္ဍစုံလုပ်အားပေး (Volunteer Staff)၊ ဆိုင်းဘုတ်/ဆုဗန်းကိုင်(Volunteer)၊ စေတနာ့ဝန်ထမ်းလုပ်အားရှင် (Work Force) အစရှိသည်ဖြင့် တာဝန်သတ်မှတ်အပ်နှင်းသွားဖွယ်ရှိသည်ဟု သိရသည်။

အရည်အချင်းသတ်မှတ်ချက်အနေဖြင့် မိမိတို့ ရွေးချယ်အဆိုပြုရာ လုပ်ငန်းအမျိုးအစားအလိုက် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု၊ IT ကျွမ်းကျင်မှု၊ နယ်မြေဒေသကျွမ်းကျင်မှု၊ ဗဟုသုတကြွယ်ဝမှု၊ ဆက်ဆံရေးပြေပြစ်မှု၊ စိတ်အားထက်သန်တက်ကြွမှု၊ ကြံ့ခိုင်မှုသင့်လျော်သည့် ကျန်းမာရေးပြည့်စုံမှု၊ ကာယဉာဏတင့်တယ်မှု အစရှိသည့် အခြေခံလိုအပ်ချက်များနှင့် ပြည့်စုံရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ရုပ်မြင်သံကြား၊ သတင်းစာ၊ အင်တာနက်တို့တွင် ကြေညာထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# စစ်တုရင်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာစစ်တုရင်အသင်း ထိုင်းနိုင်ငံသို့ ထွက်ခွာ



**ရန်ကုန် အောက်တိုဘာ ၂၁**

၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၂ရက်မှ ၂၄ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် 2nd RBSC Polo Club Prajuab Cup International စစ်တုရင်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင် ခေါင်းဆောင်သော မြန်မာစစ်တုရင်အဖွဲ့**(ဝဲပုံ)**သည် အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာစစ်တုရင်အဖွဲ့ အုပ်ချုပ်သူအဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမောင်တင်၊ နည်းပြအဖြစ် ဦးနေဦးကျော်ထွန်း၊ စစ်တုရင်အားကစားသမားများအဖြစ် ဝင်းဇော်ထွန်းနှင့် တင်အောင်ခန့်တို့ လိုက်ပါသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာ့လက်ရွေးစင် စစ်တုရင်နှင့် စားပွဲတင်တင်းနစ် အားကစားသမားများအား ထောက်ပံ့ငွေများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၁**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် စစ်တုရင်နှင့် စားပွဲတင်တင်းနစ် အားကစားသမားများအား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက ဒေါ်မြင့်မြင့်ခိုင်၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အားကစားအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းများသို့ သွားရောက်၍ အားပေးစကားပြောကြားကြပြီး စစ်တုရင် အားကစားသမားများ အင်အားဖြည့် အစားအစာများ စားသုံးရန်အတွက် ထောက်ပံ့ငွေကျပ် တစ်သိန်းရှစ်သောင်းကို ပေးအပ်လှူဒါန်းသည်။

ထို့မှတစ်ဆင့် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းသို့ သွားရောက်ကြပြီး မြန်မာ့လက်ရွေးစင် အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေး၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက ဒေါ်မြင့်မြင့်ခိုင်က အားပေးစကား ပြောကြားကာ အားကစားသမားများ အင်အားဖြည့် အစားအစာများ စားသုံးရန်အတွက် ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၅၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

# မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်

**နေပြည်တော် အောက်တိုဘာ ၂၁**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** သပိတ်ကျင်းမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ မိုးကုတ်မြို့တွင် ၃ ဒသမ ၁၀ လက်မ၊ မာန်အောင်မြို့တွင် ၃ ဒသမ ၀၃ လက်မ၊ ကသာမြို့တွင် ၂ ဒသမ ၉၅ လက်မနှင့် တောင်ကုတ်မြို့တွင် ၂ ဒသမ ၄၀ လက်မတို့ ဖြစ်ကြသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# စက်မှုလက်မှုသိပ္ပံ (ချောက်) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ချောက် အောက်တိုဘာ ၂၁**

၁၉၇၃ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ ချောက်မြို့ "သခင်ဖိုးလှကြီး" စက်မှုလက်မှုသိပ္ပံကျောင်း၌ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၂ ရက် (စနေနေ့)နံနက် ၈ နာရီတွင် ချောက်မြို့၌ ကျင်းပမည်ဖြစ်ရာ ဦးကျော်ကျော် ဖုန်း-၀၉-၂၃၀၅၁၁၇၊ ဦးကိုကြီး ဖုန်း-၀၉-၂၂၁၆၄၉၀၊ ဦးမင်းတင့် ဖုန်း-၀၉-၄၃၀၀၈၄၄၁၊ ဒေါ်ချိုချိုခင် ဖုန်း-၀၉-၂၀၄၂၇၅၉၊ ဒေါ်ဝင်းဝင်းဆင့် ဖုန်း-၀၉-၂၃၀၅၇၆၅၊ ဦးမြတ်စိုး ဖုန်း-၀၉-၂၂၀၀၉၆၇၊ ဦးမောင်မောင်လွင် ဖုန်း-၀၉-၂၀၄၂၃၉၀၊ ဦးမြင့်အုန်း ဖုန်း-၀၉-၈၆၂၄၁၉၉၊ ဦးစိုးစိုးလင်း ဖုန်း-၀၉-၂၀၄၂၅၁၇ နှင့် ဒေါ်ဝါဝါချို ဖုန်း-၀၉-၂၁၇၄၆၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၇၇၄)



# (၁၃)ကြိမ်မြောက် စင်ကာပူ-ကူမင်းရထားလမ်း အထူးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

**(၁၃)ကြိမ်မြောက် စင်ကာပူ-ကူမင်းရထားလမ်း အထူးလုပ်ငန်းအဖွဲ့အစည်းအဝေး**(အပေါ်ပုံ)**ကို အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အမရဟိုတယ် Fantastic ခန်းမ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအောင်မင်း၊ ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ မလေးရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr.Datuk Abdul Rahim Bakri၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ASEAN Secretariat, UNESCAP, ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် စင်ကာပူ-ကူမင်းရထားလမ်း အထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မလေးရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် မလေးရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် အမှတ်တရဂုဏ်ပြုလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသော ကိုယ်စားလှယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ အစည်းအဝေးကို ဆက်လက်ကျင်းပရာ မလေးရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဦးဆောင်၍ တက်ရောက်လာကြသော နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များနှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ ဦးဆောင်သော တာဝန်ရှိသူများသည် စင်ကာပူ-ကူမင်းရထားလမ်းဆိုင်ရာ လုပ်ငန်းများအပေါ် သုံးသပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# Champion Challenge Cup Tournament - 2011 စတုတ္ထအသုတ် လှေလှော်ပြိုင်ပွဲကျင်းပမည့် ငလိုက်ဆည် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၁**

၂၀၁၃ ခုနှစ် ဒီဇင်ဘာ၌ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ လှေလှော်ပြိုင်ပွဲများ ကျင်းပရန်လျာထားသည့် နေပြည်တော်တောင်ညိုရှိ ငလိုက်ဆည်၌ ၎င်းပြိုင်ပွဲအကြို Champion Challenge Cup Tournament-2011 ပြိုင်ပွဲ စတုတ္ထအသုတ် လှေလှော်ပြိုင်ပွဲများ ကျင်းပရန် စီစဉ်လျက်ရှိရာ ပြိုင်ပွဲတွင်အသုံးပြုမည့် လှေများ၊ တာလွှတ်စင်၊ တာဖမ်းစင်၊ ပွဲကြည့်စင်နှင့် အားကစားသမားများ နားနေရန် နေရာများအား ယာယီအဆောက်အအုံများ တည်ဆောက်နေမှုများကို ယမန်နေ့မွန်းလွဲပိုင်းတွင် အားကစားဝန်ကြီးဌာန ဝန်ကြီးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# KENBO JUNIOR GOLF CHAMPIONSHIPS ပြိုင်ပွဲ ဆုပေးပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

HAN GOLF MASTERS JUNIOR GOLF SERIES-2011 KENBO JUNIOR GOLF CHAMPIONSHIPS ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၉)မိုင် မြန်မာဂေါက်ကလပ်၌ ကျင်းပသည်။

အစီအစဉ်အရ Imperial Jade Drinking Water မှ Director ဦးစိုးလှိုင်ဦးက ကျင်းနှင့် အနီးဆုံးဆုရ ကောင်းမြတ်ကျော်နှင့် ဥက္ကာမျိုးတို့အား လည်းကောင်း၊ မြန်မာဂေါက်ကလပ် ကပ္ပတိန် ဦးစိုးဝင်းက ပထမ ဝင့်ဖူးနဒီအောင်၊ ဒုတိယ ပွင့်ဖူးနဒီခိုင်၊ တတိယ သင်းဝေခိုင်၊ စတုတ္ထ ဖူးပွင့်ရတီခိုင်နှင့် ပဉ္စမ မြဖူးသွင်တို့အား လည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင့်ဦးက အမျိုးသားသက်ငယ်တန်း အသက်(၈)နှစ် (၁၂)နှစ်တန်း ပြိုင်ပွဲ၌ ပထမ မင်းစစ်သွေး၊ ဒုတိယ ထွန်းအောင်ခိုင်၊ တတိယ ဟိန်းစည်သူ၊ စတုတ္ထ ပြည့်မင်းရှိန်နှင့် ပဉ္စမ ရဲမင်းဦးတို့နှင့် အမျိုးသား အသက်(၁၃)နှစ် (၁၅)နှစ်တန်းပြိုင်ပွဲ၌ ပထမ ဘရန်တန်မောင်ဝင်း၊ ဒုတိယ သန်းထွန်းအောင်၊ တတိယ ဘုန်းပြည့်ချမ်းဟန်၊ စတုတ္ထ ဟိန်းထက်အောင်နှင့် ကောင်းထက်ထွန်းတို့အား လည်းကောင်း၊ HAN GOLF MASTER Pte., Ltd မှ CEO ဦးချမ်းဟန်က အမျိုးသား အသက်(၁၆)နှစ် (၂၁)နှစ်တန်းပြိုင်ပွဲ၌ ပထမ သီဟငြေး၊ ဒုတိယ ကျော်သက်ဦး၊ တတိယ မင်းနိုင်စိုး၊ စတုတ္ထ ရဲလွင်ဦးနှင့်ပဉ္စမ အောင်ချစ်မင်းတို့အား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ယူရို ၂၀၁၂ ပြိုင်ပွဲအတွက် ဖာဒီနန်ကို လိုအပ်နေသေးကြောင်း ကာပယ်လို ထုတ်ဖော်ပြောကြား

ဟိန်းထက်

**လန်ဒန် အောက်တိုဘာ ၂၁**

အင်္ဂလန်အသင်းနည်းပြ ဖေဘီယိုကာပယ်လိုက မန်ယူအသင်း၏ ခံစစ်မှူး ရီယိုဖာဒီနန်မှာ ယူရို ၂၀၁၂ ပြိုင်ပွဲအတွက် အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် ၎င်းက မိမိတို့အသင်းအတွက် ဖာဒီနန်၊ တယ်ရီနှင့် ပါကာတို့ကဲ့သို့ အတွေ့အကြုံရင့်ကျက်သည့် ခေါင်းဆောင်များလိုအပ်နေသေးကြောင်း၊ ဝိန်းရွှန်နေးကဲ့သို့ စိတ်ဓာတ်ပြင်းထန်သည့် ကစားသမားများလည်း အထူးလိုအပ်ကြောင်း ဆိုသည်။

ဆက်လက်၍ ၎င်းက ယူရို ၂၀၁၂ ပြိုင်ပွဲများအတွက် အသင်းရှိ ကစားသမားများကို သွေးသစ်လောင်းထားပြီးဖြစ်ကြောင်း၊ အင်္ဂလန်အသင်းအတွက် ဖာဒီနန်မှာ လိုအပ်နေသေးကြောင်း ဆိုသည်။ ***အင်တာနက်။***

# အထက(၃) ဒဂုံ (ယခင် မြို့မ အမျိုးသမီးကျောင်း) အာစရိယပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၂၁**

အထက(၃) ဒဂုံ (ယခင်မြို့မအမျိုးသမီးကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၉)ကြိမ်မြောက် အငြိမ်းစားဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၄ ရက် (စနေနေ့) နံနက် ၈ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဒေါက်တာခင်ခင်ထား ဖုန်း-၀၉-၇၃၀၅၀၀၈၂၊ ဒေါ်ခင်ချမ်းသာ ဖုန်း-၀၉-၅၄၀၀၉၆၉၊ ဒေါ်သိင်္ဂီသန်း ဖုန်း-၀၉-၇၃၂၂၁၁၁၊ ဒေါ်လှလှသန်း ဖုန်း-၀၉-၅၁၄၆၀၄၁၊ ဒေါ်အေးစုလှိုင် ဖုန်း-၀၁-၂၁၁၆၃၉ နှင့် ဒေါ်ငွေငွေခိုင် ဖုန်း-၀၉-၂၀၄၄၀၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## ပြည်တွင်းထုတ်ဓာတ်ဆီများ ဈေးကွက်ပေါက်ဈေးဖြင့် ပြင်ဆင်ရောင်းချနိုင်ရေး သင့်လျော်သောအချိန်တွင် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရန် ဆောင်ရွက်မည်

နေပြည်တော် အောက်တိုဘာ ၂၁

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၇၂)ဦးတို့ တက်ရောက်ကြသည်။**



ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ယနေ့အစည်းအဝေး၌ မေးခွန်း(၁၀)ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုအသစ်(၁)ခု တင်သွင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများ မေးမြန်းခြင်းကဏ္ဍတွင် သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး၏ **ဓာတ်ဆီဖြန့်ဖြူးရာတွင် သတ်မှတ်ဈေးနှုန်းတစ်မျိုးတည်းဖြင့် ရောင်းချနေခြင်းကြောင့် ဖြစ်ပေါ်နေသော အကျိုးအပြစ်များအား ပြန်လည်ဝေဖန်သုံးသပ်၍ လိုအပ်မည့်အစီအမံများ ဆောင်ရွက်ပေးရေး အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များကို ပြည်တွင်းထုတ် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ်(၂၅၀၀) ဈေးနှုန်းဖြင့် တစ်ပြေးညီ သတ်မှတ်ရောင်းချစေခြင်းကြောင့် ပုဂ္ဂလိကစက်သုံးဆီ ဖြန့်ဖြူးရောင်းချခွင့်ပြုခဲ့သည့် ၂၀၁၀ ပြည့်နှစ် ဇွန်လမှ ၂၀၁၁ ခုနှစ် ဩဂုတ်လကုန်အထိ သယ်ယူပို့ဆောင်ခနှင့် ဝန်ဆောင်စရိတ်များ အပါအဝင် စုစုပေါင်းကုန်ကျစရိတ်(၂၆ ဒသမ ၆၄) ဘီလီယံကျပ်ခန့် အကုန်အကျခံကာ အရှုံးခံခဲ့ရပါကြောင်း။ **စာမျက်နှာ ၄ ကော်လံ ၁ သို့**✤

# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲနေမှုတို့ကို ထိန်းသိမ်းနိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေးကို ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၁

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။**



ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၇)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့်က **“ကချင်ပြည်နယ် မိုးကောင်းမြို့တွင် ကျောက်စိမ်းအသားကျောက်များအား ဖြတ်တောက်ခြင်း၊ အချောထည် ကျောက်သွေးလုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထွက်ရှိလာသောပစ္စည်းများကို ပြည်တွင်းပြည်ပသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ရောင်းချနိုင်ခွင့်”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၇ အရ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီသို့မဟုတ် အသင်းသည် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းများကို မှတ်ပုံတင်၍ တွင်းဝခွန် သို့မဟုတ် ရတနာခွန်ထမ်းဆောင်ပြီးလျှင် ဖြတ်တောက်ခြင်း၊ သွေးခြင်းပြုလုပ်၍ ကျောက်မျက်ရတနာအချောထည်ပြုလုပ်ခွင့်၊ လက်ဝတ်ရတနာပြုလုပ်ခွင့်ရှိပါကြောင်း၊ ပြုလုပ်ရရှိသော အချောထည်နှင့် လက်ဝတ်ရတနာများကို **စာမျက်နှာ ၆ ကော်လံ ၁ သို့**✳